# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


ကောင်းမှုပြုသောသူပင် ဖြစ်သော်လည်း မိမိပြုသောကောင်းမှု အကျိုးမပေးသေးသမျှ မကောင်းကျိုးနှင့် တွေ့ရသေး၏၊ ကောင်းမှု အကျိုးပေးသောအခါ ထိုကောင်းမှုပြုသောသူသည် ကောင်းကျိုးချမ်းသာနှင့် တွေ့ရ၏။

ဓမ္မပဒ-၁၂၀၊ အရှင်သေဠှိလ


၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၉ ရက်၊ တနင်္လာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၁၇)


## နိုင်ငံတော်သွားနေသည့်လမ်းကြောင်းမှာ ပါတီစုံဒီမိုကရေစီလမ်းကြောင်းဖြစ်ပြီး အောင်မြင်အောင် ဝိုင်းဝန်းလုပ်ဆောင်


စာမျက်နှာ-၃


## ၂၀၁၅ ရေကြီးမှုဖြစ်စဉ်ကြောင့် ထိခိုက်မှုများရှိခဲ့သည့် ဆည်များအား လာမည့်ဇူလိုင်လအမီ အပြီးပြင်ဆင်မည်



၁-၈-၂၀၁၅ ရက်က ရာဇဂြိုဟ် ရေလှောင်တမံရေပိုလွှဲ၌ ပိတ်နေသည့် သစ်တုံးများ၊ အမှိုက်များကို စက်ယန္တရားများဖြင့် ရှင်းလင်းနေစဉ် ဓာတ်ပုံ-SM

**သတင်း**
**ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်**

**ရန်ကုန် မေ ၈**

၂၀၁၅ ခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်တွင် ဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုဖြစ်စဉ်များကြောင့် ထိခိုက်မှုအချို့ရှိခဲ့သည့် မုန်းချောင်းရေလှောင်တမံ၊ ကြီးအုံကြီးဝ ရေလှောင်တမံ၊ ရာဇဂြိုဟ် ရေလှောင်တမံနှင့် မန်းချောင်းရေလှောင်တမံတို့ကို ယခုနှစ် ဇူလိုင်လတွင် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ပြောသည်။

"ထိန်းသိမ်းပြုပြင်ရန် နောက်ကျလျက်ရှိပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသော မကွေးတိုင်းဒေသကြီး မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံနှင့် ကြီးအုံကြီးဝတမံ ပျက်စီးမှုများ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်နယ်စပ် ရာဇဂြိုဟ်ဆည် အထက်ရှိ သဘာဝမြေပြိုကန်တို့အတွက် လာမည့် မိုးရာသီမတိုင်မီ အမြန်ဆုံး လုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အရေးကြီး


စာမျက်နှာ ၈ ကော်လံ ၅ ■


## ရန်ကုန်၌ ကစားကွင်းများနှင့် ပန်းခြံသစ်များ ယခုနှစ်အတွင်းထပ်မံတိုးချဲ့ဖော်ဆောင်မည်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် မေ ၈**

ပြည်သူများအပန်းဖြေနိုင်ရန် ပန်းခြံများနှင့် ကလေးများဆော့ကစားနိုင်မည့် ကစားကွင်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ယခုနှစ်ဘတ်ဂျက်အတွင်း ဆက်လက်အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ယခုလာမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့တော်စည်ပင်ယာယာရေးနယ်နိမိတ်အတွင်း ကစားကွင်းကိုးကွင်းကို အဆင့်မြှင့်မွမ်းမံပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး အားကစားကွင်းခြောက်ကွင်းကို အားကစားကွင်းသစ်များအဖြစ် ဖော်ဆောင်သွားမည်ဖြစ်သည်။

တစ်ဖန် အဆိုပါဘဏ္ဍာနှစ်များအတွင်း၌ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူအပန်းဖြေနိုင်ရန် ပန်းခြံ ၁၁ ခုကိုလည်း အကြီးစားမွမ်းမံပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး


စာမျက်နှာ ၃ ကော်လံ ၁ ❍




ရန်ကုန်မြို့ကစားကွင်းတစ်ခုအတွင်း ပျော်မြူးစွာဆော့ကစားနေသော ကလေးငယ်များကို တွေ့ရစဉ်

## ရာသီဥတုပြောင်းလဲမှုကြောင့် အပူလှိုင်းဖြတ်ခြင်းသည် လူသားမျိုးနွယ်အား အသက်အန္တရာယ်ခြိမ်းခြောက်လျက်ရှိ


စာမျက်နှာ-၁၁



KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘာ့ဇဘက်

# ကမ္ဘာ့ခေါင်မိုးပေါ်မှ မြန်မာ့အောင်လံ

ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်သို့ မြန်မာလူငယ် တောင်တက်သမား သုံးဦး တက်ရောက်နေကြသည်။ အမြင့် ၂၉၀၂၈ ပေ (၈၈၄၈ မီတာ)ရှိ ကမ္ဘာပေါ်၌ အမြင့်ဆုံးဖြစ်သည့် ဧဝရက်တောင်ထိပ်သို့ ၁၉၅၃ ခုနှစ် မေလ ၂၉ ရက်နေ့တွင် နယူးဇီလန်လူမျိုး တောင်တက်သမား အက်ဒ်မန်းဟီလာရီနှင့် နီပေါလူမျိုးအထမ်းသမား တန်းဇင်းနော်ဂေးတို့ စတင်အခြေချနိုင်ခဲ့ပြီးသည်မှစ၍ ဧဝရက်တောင်သည် စွန့်စားလိုသူတို့အတွက် သဘာဝတရားနှင့် လူသားတို့၏ စွမ်းရည်ယှဉ်ပြိုင်ရာ ကြီးကျယ်ခမ်းနားသော နေရာတစ်ခုဖြစ်လာသည်။

ကမ္ဘာ့ခေါင်မိုးဟု တင်စားခေါ်ဝေါ်သည့် ဧဝရက်တောင်ထိပ်ပေါ်သို့ ခြေချနိုင်သော ပထမဆုံးလူသား အက်ဒ်မန်းဟီလာရီ၏နောက် နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း တောင်တက်သမား လူစွန့်စား ၄၀၀၀ ခန့် တောင်ထိပ်ပေါ်သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ရောက်နိုင်ခဲသည့် ကမ္ဘာ့အမိုးပေါ် တက်ရောက်နိုင်သူဖြစ်အောင် အားထုတ်ရင်း အသက်ပေးသွားခဲ့ရသူများလည်း ၂၄၀ ခန့် ရှိခဲ့ပြီဖြစ်သည်။

အဘယ့်ကြောင့် (ကမ္ဘာ့အမြင့်ဆုံး)ဧဝရက်တောင်ကို တက်ချင်ရပါသနည်းဟု ဂျော့ချ်မယ်လိုရီအမည်ရှိ လူစွန့်စားတောင်တက်သမားတစ်ဦးကို မေးခွန်းထုတ်ခဲ့ရာ ၎င်းက "အဲဒီတောင်ရှိနေလို့" ဟု ပြန်ဖြေခဲ့သည်။ သူက တောင်တက်ခြင်းဟူသည့် စွန့်စားမှုမှ ရရှိသည့်အရာမှာ အဆမတန်ပျော်ရွှင်မှုသာဖြစ်ပြီး ဘဝဆုံးတိုင်ပျော်ရွှင်မှုဖြစ်ကြောင်း၊ ဘဝဟူသည် ငွေရှာရန်နှင့် စားရန်မျှသာ ရှင်သန်နေရခြင်း မဟုတ်ကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။ အင်္ဂလိပ်လူမျိုး တောင်တက်သမား ဂျော့ချ်မယ်လိုရီသည် ၁၉၂၄ ခုနှစ်အတွင်း (အက်ဒ်မန်းဟီလာရီထက်နှစ် ၃၀ ခန့်စော၍) ဧဝရက်တောင်ထိပ်ပေါ်သို့တက်ရန် ကြိုးပမ်းရင်း ပျောက်ဆုံးခဲ့ရာ နှစ်ပေါင်း ၇၅ နှစ်ခန့်ကြာပြီးမှ ၎င်း၏ ရုပ်အလောင်းကို ပြန်တွေ့ခဲ့ရသည်။

တောင်တက်ခြင်းဟူသည် အသက်နှင့်ရင်းရသော အလုပ်ဖြစ်သည်။ အမြင့်မီတာ ၈၀၀၀ ကျော်သော တောင်ထိပ်များသို့ တက်ရောက်ခြင်းက အန္တရာယ်အကြီးဆုံးဖြစ်ရာ တောင်တက်သမားများ အသက်ပေးကြရသည့် ဖြစ်စဉ်များ နှစ်စဉ် ဖြစ်ပွားလေ့ရှိသည်။ တောင်တက်သမားတစ်ဦး၏ ခြေတစ်လှမ်းတိုင်းက ၎င်းအတွက် အရေးကြီးသည်။ ဧဝရက်တောင်တက်သမားများအနက် အကြွံခိုင်အသန်မာဆုံးသော ဘာဘူချီရီအမည်ရှိ အထမ်းသမားတစ်ဦး၏ ၂၀၀၂ ခုနှစ်ကဖြစ်ရပ်မှာ သာဓကတစ်ခုဖြစ်သည်။ မနင်းရမည့်နေရာကို နင်းမိခဲ့သော ခြေတစ်လှမ်းအမှားကြောင့် အသူတစ်ရာနက်သော အက်ကြောင်းထဲသို့ကျသွားကာ အသက်ဆုံးရှုံးခဲ့ရသည်။ ရေခဲပြိုခြင်း၊ ကျောက်တုံးများ လိမ့်ဆင်း၊ ပြိုဆင်းကျလာခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ အက်ကြောင်းများပြိုကျခြင်း၊ အောက်ဆီဂျင်ပြတ်လပ်ခြင်း စသည့် သဘာဝတရား၏ အမျိုးမျိုးသောစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရင်း လူသားတို့၏ ခံနိုင်ရည်နှင့် ဖွဲ့သတ္တိတို့ကို ပြသကာ ဘဝတစ်သက်တာအတွက် ပျော်ရွှင်မှုရှာဖွေခြင်းက လူစွန့်စားတို့၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကို ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်ပေါ်၌ စိုက်ထူနိုင်ရန် မြန်မာလူစွန့်စားတို့ ကြိုးပမ်းအားထုတ်နေကြပြီ။ မကြာမီတောင်ထိပ်သို့ တက်ရောက်နိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းများကိုလည်း ကြားသိနေရသည်။ မြန်မာလူငယ်သုံးဦးဖြစ်သော ကိုညီညီအောင်၊ ကိုဝင်းကိုနှင့် ကိုပြည့်ဖြိုးအောင်တို့၏ အောင်ပွဲက မြန်မာတို့၏ အောင်ပွဲဖြစ်မည်။ ထို့ပြင် မြန်မာ့သမိုင်းတွင် ပထမဆုံးဟူသော မော်ကွန်းကမ္ပည်းကိုလည်း စိုက်ထူနိုင်မည်ဟု ဂုဏ်ပြုရေးသားလိုက်ရပါကြောင်း။ ။




## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ၏ သတင်းထုတ်ပြန်ချက်အရ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ အမြင့်ဆုံးအပူချိန်အနေဖြင့် မန္တလေးမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်၊ ရန်ကုန်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် နေပြည်တော်တွင် ၄၂ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြောင်း ခန့်မှန်းဖော်ပြထားသည်။

**(မြန်မာ့အလင်း)**

## မန္တလေးဈေးချိုကို ဓာတုဆိုးဆေးကင်းစင်သော စားသောက်ကုန်များရောင်းချသည့်ဈေးအဖြစ် ဆောင်ရွက်မည်

**မန္တလေး မေ ၈**

မန္တလေးဈေးချိုကို ဓာတုဆိုးဆေးကင်းစင်သော စားသောက်ကုန်များရောင်းချသည့်ဈေးအဖြစ် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဇင်ဇင်နွယ်က ပြောသည်။

မန္တလေးတိုင်းဒေသကြီး အတွင်း ဆောင်ရွက်နေသည့် ရက် ၁၀၀ စီမံကိန်းအရ ဈေးများ၌ ဓာတုဆိုးဆေးပါရှိသည့် စားသောက်ကုန်များရောင်းချခြင်း မရှိစေရေးအတွက် ပညာပေးခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကာ မန္တလေးဈေးချိုတော်တွင်လည်း ဓာတုကင်းစင်သော စားသောက်ကုန်များ ရောင်းချနိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

"တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ ဈေးပေါင်း ၄၄ ဈေးကို ပညာပေးမှုတွေ လုပ်ဆောင်ပါမယ်။ အရင်ကတည်းက ဈေးချိုကို ဆိုးဆေးကင်းတဲ့ဈေးအဖြစ် လုပ်ဆောင်ချင်တယ်။ ဈေးချိုကတစ်ဆင့် လက်လီဝယ်သွားပြီး ရပ်ကွက်တွေ၊ စာသင်ကျောင်းတွေဆီ ရောက်သွားမယ်။ နယ်တွေလည်း ရောက်သွားမယ်။ ဒါကြောင့် ဈေးချိုတစ်ခုလုံး ဆိုးဆေးတွေ မပါတဲ့ အစားအသောက်တွေဖြစ်ဖို့ လိုတယ်"ဟု ၎င်းကပြောသည်။

ဓာတုဆိုးဆေးများပါဝင်သည့် စားသောက်ကုန်များသည် စားသုံးမိသူအား ကင်ဆာရောဂါ၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု ထိခိုက်စေခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်းစသည့် ရောဂါများ ခံစားရနိုင်သဖြင့် ယင်းကဲ့သို့ စားသုံးသူ ကာကွယ်ရေးအတွက် လုပ်ဆောင်ခြင်းဖြစ်သည်။ စားသောက်ကုန်ထုတ်လုပ်ရာတွင် ဆိုးဆေးနှစ်မျိုးရှိပြီး သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးတို့ဖြစ်ကာ သဘာဝဆိုးဆေးသည် သဘာဝအပင် အသီးအပွင့်တို့မှ ထုတ်လုပ်ထားသဖြင့် အန္တရာယ်ဖြစ်နိုင်မှုနည်းပါးကြောင်း၊ ဓာတုဆိုးဆေးများ၌ အစားအသောက်တွင် သုံးစွဲရန်ခွင့်ပြုထားသောဆိုးဆေးများရှိသကဲ့သို့ သုံးစွဲရန်ခွင့်မပြုထားသော ဆိုးဆေးများလည်း ရှိကြောင်း သိရသည်။

**အောင်ရဲသွင်**

## ကြံခင်းမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသော နေအိမ်များအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်

**ကြံခင်း မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ မေ ၄ ရက် ညနေပိုင်းက မိုးများရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသော နေအိမ်များ၏ အိမ်ထောင်စုများအား မေ ၈ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရောဦးခန်းမ၌ ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ပေးအပ်သော ပြိုကျနေအိမ်တစ်လုံးအတွက် ငွေကျပ် ၅၀၀၀၀ နှင့် အမိုးလန် နေအိမ်တစ်လုံးအတွက် ငွေကျပ် ၂၀၀၀၀ ကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းစိုးတို့က လေဘေးသင့်ပြည်သူများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့က ပြိုကျနေအိမ်တစ်လုံးလျှင် Shelter Kit / Hygyene Kit/ တာပေါ်လင်စများနှင့် အမိုးလန်နေအိမ်တစ်လုံးလျှင် Hygyene Kit များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကြံခင်းမြို့နယ်၌ လူနေအိမ် အလုံး ၂၀ ပြိုကျ၍ နေအိမ် ၂၆၄ လုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်များ

**၈-၅-၂၀၁၆**

ချောက်မြို့၊ ဘော်လခဲမြို့
၄၄ ဒီဂရီစင်တီဂရိတ်စီ
ညောင်လေးပင်မြို့ သိမ်ဇရပ်မြို့
၄၃ ဒီဂရီစင်တီဂရိတ်စီ
မုံရွာမြို့ နေပြည်တော်(ရေဆင်း)၊
မကွေးမြို့ ပဲခူးမြို့ မှော်ဘီမြို့
ရန်ကုန် (မင်္ဂလာဒုံ)နှင့်
ကော့ကရိတ်မြို့တို့၌ ၄၂
ဒီဂရီစင်တီဂရိတ်စီ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၈-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၄၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၆၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၃.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၆၀.၂၉ |
| ထိုင်း | တစ်ဘတ် | ၃၃.၂၇၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၆၉ |
| တရုတ် | တစ်ယွမ် | ၁၇၉.၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၁.၉၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# နိုင်ငံတော်သွားနေသည့်လမ်းကြောင်းမှာ ပါတီစုံဒီမိုကရေစီလမ်းကြောင်းဖြစ်ပြီး အောင်မြင်အောင် ဝိုင်းဝန်းလုပ်ဆောင်

**နေပြည်တော် မေ ၈**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကိုကိုးကျွန်းမြို့ရှိ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် ယနေ့ နံနက်ပိုင်းတွင် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုကိုးကျွန်းဒေသတွင် အုန်းနှင့် အုန်းထွက်ပစ္စည်းလုပ်ငန်းမှာ အခြေခံအားဖြင့် ရှိပြီးသားဖြစ်ပြီး ယခင်ကတည်းက လုပ်ဆောင်နေသည့် လုပ်ငန်းဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ ဒေသအတွင်း၌လည်း အုန်းပင်အသစ်များ ပြန်လည်စိုက်ပျိုးရန် လိုအပ်ကြောင်း၊ အုန်းနှင့် အုန်းထွက်ပစ္စည်းလုပ်ငန်းအပြင် နွားမွေးမြူရေးလုပ်ငန်းများကိုလည်း ခြံသွင်းစနစ်ဖြင့် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်အောင် ဆောင်ရွက်သင့်ကြောင်း၊ တပ်မတော်အနေဖြင့် လိုအပ်သည့်အကူအညီများ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ယနေ့ နိုင်ငံတော်သွားနေသည့် လမ်းကြောင်းမှာ ပြည်သူက ရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းဖြစ်ပြီး အခြားနိုင်ငံများနည်းတူ အောင်အောင်မြင်မြင် လျှောက်လှမ်းနိုင်အောင် ဝိုင်းဝန်းပါဝင်လုပ်ဆောင်ရန်လိုကြောင်း၊ မိမိဒေသ၏ လိုအပ်ချက်များအပေါ် အားငယ်မနေဘဲ ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာတိုးတက်ရေးဆိုသည့် စိတ်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်

ယင်းနောက် တပ်မတော်(ရေ) ရေတပ်အခြေစိုက်စခန်း နွားမွေးမြူရေးခြံ၊ အကျဉ်းစခန်းဟောင်း၊ ကိုကိုးကျွန်း ဘန်ဂလိုတည်ဆောက်မည့် နေရာများနှင့် ဂျပန်ကတုတ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဂျပန်ကတုတ် ၂၂ လုံး ရှိခဲ့ပြီး ယခုအချိန်တွင် ၁၂ လုံးသာ ကျန်ရှိခြင်းကြောင့် ၎င်းတို့ကို မူလအခြေအနေမပျက် ဆက်လက်ထိန်းသိမ်းထားရှိရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရေတပ်အခြေစိုက်စခန်းရိပ်သာ၌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် ရေတပ်အခြေစိုက်စခန်း ခေတ္တစခန်းမှူးတို့က သင်္ဘောဆိပ်ခံတံတား Jetty ဆောက်လုပ်ခြင်းဆိုင်ရာ အချက်အလက်များ၊ အုန်းပင် တစ်အုပ်တစ်မ စိုက်ပျိုးခြင်း၊ အစားထိုးစိုက်ပျိုးခြင်းနှင့် မြေနေရာရွေးချယ်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုလက်ရှိ ဆောက်လုပ်နေသည့် Jetty မှာ ပင်လယ်ရေများ ကျော်လွန်နေမှုများ တွေ့ရှိရသဖြင့် ယင်းကဲ့သို့ မကျော်လွန်အောင်၊ သတ်မှတ်ထားသည့် အမြင့်ရရှိစေအောင် ဆောင်ရွက်သွားရန်၊ အုန်းပင်စိုက်ပျိုးရေးနှင့်ပတ်သက်၍ ငါးနှစ်စီမံကိန်းဖြင့် စိုက်ပျိုးပြီး ရှင်သန်ဖြစ်ထွန်းအောင် စနစ်တကျစိုက်ပျိုးရန်၊ အုန်းကို အခြေခံပြီး အိမ်တွင်းစက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်တို့အား မှာကြားသည်။

ယင်းနောက် ကိုကိုးကျွန်း မီတာ ၁၀၀ ဆိပ်ခံတံတား Jetty တည်ဆောက်နေမှုအခြေအနေများ၊ ကိုကိုးကျွန်း လေယာဉ်ကွင်း၊ လေယာဉ်ပြေးလမ်း တိုးချဲ့ပြီးစီးမှု အခြေအနေများနှင့် ကျွန်းမြေများကို ပင်လယ်ဒီရေတိုက်စားမှုမှကာကွယ်ရန် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုကိုးကျွန်းမြို့ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား တွေ့ဆုံပြီး ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် မေ ၈**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန် အိုချာ၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Don Pramudwinai နှင့်အဖွဲ့သည် ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

ထိုင်းနိုင်ငံခြားရေးဝန်ကြီးသည် မေ ၉ ရက်တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

○ ရွှေဖုံးမှ

ပန်းခြံနှစ်ခြံကို အသစ်ဖော်ထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အခုနောက်ပိုင်း ရန်ကုန်မြို့တွင်း၊ မြို့ပြင် ပန်းခြံတွေကို အကြီးစားပြုပြင်မွမ်းမံမှုတွေ သက်ဆိုင်ရာ စည်ပင်သာယာရေးအနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေတာတွေ့ရတယ်။ ပြီးတော့ ပန်းခြံတော်တော်များများကိုလည်း အခမဲ့ဝင်ရောက်အပန်းဖြေခွင့် ပေးခဲ့တယ်။ ဒါပေမယ့် တချို့ပန်းခြံဟောင်းတွေကို ပြန်ပြီးအသစ် မဖော်ထုတ်နိုင်သေးတာတွေ့နေရတယ်။ ဒါတွေကိုလည်း အမြန်ဆုံး အကောင်အထည်ဖော် ပေးစေချင်ပါတယ်”ဟု ဗဟန်းမြို့ဗိုလ်ချိုရပ်ကွက်မှ ဦးခင်မောင်မြင့်က ရန်ကုန်မြို့ ပန်းခြံများအား ပြည်သူများ အခမဲ့လည်ပတ်ခွင့်ပေးမှုနှင့်ပတ်သက်၍ ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း စုစုပေါင်း ပန်းခြံပေါင်း ၆၃ ခြံတွင် အဆင့်မြှင့်တင်ပြုပြင်မွမ်းမံသည့် ပန်းခြံများမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၀ ခု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ခြောက်ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ခုနစ်ခုတို့ကို အဆင့်မြှင့်တင်ခဲ့ပြီး အဆိုပါ ဘဏ္ဍာနှစ်များတွင်ပင် သာမန်အဆင့် ပြင်ဆင်ခဲ့သည့်ပန်းခြံများမှာ ၂၂ ခြံ၊ ပုံမှန်ထိန်းသိမ်းထားသည့် ပန်းခြံများမှာ ၁၃ ခြံနှင့် မွမ်းမံပြင်ဆင်ရန် လိုအပ်သည့်ပန်းခြံမှာ ငါးခြံရှိကြောင်းနှင့် အလားတူ အားကစားကွင်း ၁၀၀ တွင်လည်း အဆင့်မြှင့်တင်မှုလုပ်ငန်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၂၁ ကွင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၈ ကွင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၃ ကွင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၁ ကွင်း၊ မြေပိုင်ဆိုင်မှုမမှန်နှင့် ပုံမှန်ထိန်းသိမ်းခြင်းတို့မှာ ၁၇ ကွင်းရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနစာရင်းများအရ သိရသည်။

“ကျွန်တော်တို့အနေနဲ့ ရေတို၊ ရေလတ်၊ ရေရှည်စီမံကိန်းတွေ ချမှတ်ပြီးတော့ သတ်မှတ်ဘဏ္ဍာနှစ်ရဲ့ ဘတ်ဂျက်အတွင်းမှာတော့ ပန်းခြံတွေရော အားကစားကွင်းတွေပါ အဆင့်မြှင့်မွမ်းမံပြင်ဆင်မှုတွေ၊ ပြုပြင်မှုတွေ၊ ကစားကွင်းတွေဆိုလည်း တတ်နိုင်သလောက် ကစားစရာစုံလင်စွာနဲ့ ကလေး၊ လူကြီး အပန်းဖြေနိုင်အောင် စီမံချက်ချပြီးတော့ ဆောင်ရွက်နေပါတယ်။ ဌာနအနေနဲ့ကလည်း ဘတ်ဂျက်ကန့်သတ်မှုလည်း ရှိတဲ့အတွက် အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်နေတာပါ။ ဒါပေမယ့် ပြည်သူတွေအနေနဲ့လည်း ပူးပေါင်းပါဝင်ဖို့လိုမယ်လို့ ထင်ပါတယ်။ ဥပမာ သတ်မှတ်ထားတဲ့စည်းကမ်းတွေ လိုက်နာဖို့နဲ့ ပစ္စည်းတွေကို ရိုသေစွာကိုင်တွယ်ကျင့်သုံးဖို့လိုပါမယ်။ ဒါမှလည်း ဒီပန်းခြံ၊ အားကစားကွင်းတွေက ရေရှည်တည်တံ့မှာဖြစ်ပါတယ်”ဟု ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ အရာရှိတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနအောက်ရှိ ပန်းခြံ ၆၃ ခု၊ ဧရိယာသည် ၄၇၄ ဒသမ ၂၅၆ ဧကရှိပြီး အားကစားကွင်း ၁၀၀ တွင် ဧရိယာ ၁၂၉ ဒသမ ၄၇၄ ရှိကြောင်း သိရသည်။

# ၂၀၁၂ ခုနှစ် ရပ်/ကျေးဥပဒေကို ပြန်လည်ရေးဆွဲရန် ရှိ၊ မရှိ မေးမြန်းမည်

**နေပြည်တော် မေ ၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို မေ ၉ ရက် (ယနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များက တရားဥပဒေစိုးမိုးရေး အားကောင်းလာစေရန်အတွက် ၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြည်သူ့ဆန္ဒနှင့်အညီ ပြန်လည်ရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း၊ အခြေခံကျသော မူးယစ်ဆေးဝါးထုတ်လုပ်သူနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာစက်ရုံ၊ အလုပ်ရုံတို့ကို အဘယ်ကြောင့် ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမရှိပါသနည်း။ ထိုစက်ရုံ၊ အလုပ်ရုံများသည် လက်နက်ကိုင်အဖွဲ့များ စိုးမိုးထားသော နယ်မြေများ၌ ရှိနေပါသည်ဟုဆိုလျှင် အမြစ်ပြတ်ချေမှုန်းနိုင်ရန် စီစဉ်ထားခြင်း ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း၊ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားမှုအခြေအနေများနှင့်ပတ်သက်ပြီး စနစ်ကျ၍ ထိရောက် မှုရှိသော အစီအမံများထားရှိမှု ရှိ၊ မရှိ၊ ရှိပါလျှင် ယင်းအစီအမံများကို မည်သို့အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းတို့ကို မေးမြန်းမည်ဖြစ်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားမည်ဖြစ်သည်။

ထို့ပြင် ဥပဒေကြမ်းကော်မတီက တင်သွင်းသော **“နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အခြေခံပညာအဆင့် ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းကော်မတီ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၈**

အခြေခံပညာအဆင့် ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းကော်မတီ ဆွေးနွေးပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၇ ရက်မှ ၈ ရက်အထိ နှစ်ရက်ကြာ ကျင်းပသည်။

ဘာသာရပ် တစ်ဖွဲ့ချင်းစီအလိုက် ကျင်းပသည့် ဆွေးနွေးပွဲများတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာရပ် သင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌဖြစ်သည့် ရန်ကုန်တက္ကသိုလ်မှ သက်ဆိုင်ရာဘာသာရပ်ဌာနမှ ပါမောက္ခဌာနမှူးတို့က အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိလုပ်ဆောင်နေသော လုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြကြသည်။

ထို့ပြင် စနစ်သစ်သူငယ်တန်း(KG) သင်ရိုး၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ကာယပညာ၊ ပန်းချီနှင့် ဂီတ သင်ရိုးညွှန်းတမ်းအဖွဲ့ဥက္ကဋ္ဌတို့ကလည်း အဆိုပါဘာသာရပ်နှင့် ပတ်သက်သည့် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို တင်ပြကြပြီး တက်ရောက် လာကြသူများကလည်း ဝိုင်းဝန်းဆွေးနွေး အကြံပြုသည်။

ဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအတွက် လုပ်ငန်းဝင်အကြိုသင်တန်းနှင့် လုပ်ငန်းခွင်ဝင်သင်တန်းများ ပို့ချပေးရမည့်အပြင် ပြည်တွင်း ပြည်ပ အရည်အသွေးမြှင့်သင်တန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ သင်ရိုးညွှန်းတမ်းတွင် ခက်ခဲမှုအတိမ်အနက်နှင့် ဆီလျော်မှုကို ထည့်သွင်းစဉ်းစားရန်၊ ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းများတွင် ပါဝင်သော အကြောင်းအရာများ ထပ်မနေရန်၊ သင်ရိုးညွှန်းတမ်းတွင် ကျားမ တန်းတူညီမျှရေးနှင့် တိုင်းရင်းသားများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုများ ပါရှိရန်နှင့် သင်ခန်းစာများနှင့် ကိုက်ညီသော သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ ပါရှိရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ် ပြုစုရေးကော်မရှင် ဖွဲ့စည်းရန်၊ အခြေခံပညာအဆင့် သင်ရိုးများကို အဆင်ပြေချောမွေ့စွာ ဆက်လက်ရေးဆွဲနိုင်ရေးအတွက် သင်ရိုးရေးဆွဲရေးအဖွဲ့အား ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်း ကော်မတီဥက္ကဋ္ဌက အနီးကပ်ကြီးကြပ်ကာ ပညာရေးသုတေသနဦးစီးဌာနနှင့် လူ့စွမ်းအား အရင်းအမြစ်၊ ပညာရေးစီမံကိန်းဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ပြီး အားလုံးဝိုင်းဝန်း ညီညွတ်စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ကလေးတိုင်း စာသင်ခန်းတွင်းမှာပင် အသိပညာ၊ ကျွမ်းကျင်မှု၊ အသိစိတ်ဓာတ်များ အပြည့်ဝရရှိရန် ဦးတည်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။



ယင်းနောက် JICA အကူအညီဖြင့် ဆောင်ရွက်နေသည့် မူလတန်းပညာ သင်ကြားရေးအတွက် ပြဋ္ဌာန်းစာအုပ်များ ပြုစုဆောင်ရွက်နေသည့် ရန်ကင်း ပညာရေး ကောလိပ်ဝင်းအတွင်းရှိ ပညာရေးအရင်းအမြစ်ဌာန အဆောက်အအုံတွင် ဖွင့်လှစ်ထားသည့် CREATE PROJECT အဖွဲ့နှင့် လည်းကောင်း၊ ဆရာအတတ်ပညာ တိုးမြှင့်ရေးအတွက် ရန်ကင်းပညာရေး ကောလိပ်တွင် ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# KG သင်တန်းတက်ရောက်နေသည့် ဆရာ ဆရာမများအား ‘က’ ယာဉ်မောင်းလိုင်စင်များပြုလုပ်ပေး

**မကွေး မေ ၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ သူငယ်တန်း သင်ရိုးသစ် KG သင်တန်း တက်ရောက်နေသည့် ဆရာ ဆရာမ ၃၅၀ ကျော်အား ယာဉ်မောင်းလိုင်စင် လျှောက်ထားခြင်းအတွက် ရေးဖြေ ဖြေဆိုခြင်း၊ လက်တွေ့ယာဉ်မောင်းနှင်ခြင်းများကို တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ မကွေးတိုင်းဒေသကြီးအတွင်း မော်တော်ဆိုင်ကယ် စီးနင်းသူများအား ‘က’ယာဉ်မောင်း လိုင်စင်ဖြင့် စီးနင်းနိုင်ရေးအတွက် မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသည့်အနေဖြင့် ယနေ့နံနက် ၉ နာရီက မကွေးမြို့ အထက (၁) ပန်းဟေဝန်ခန်းမ၌ သူငယ်တန်း သင်ရိုးသစ် KG သင်တန်း တက်ရောက်နေသည့် ဆရာ ဆရာမများနှင့် ကျောင်းဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲနှင့် ‘က’မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးသည်။

အဆိုပါဟောပြောပွဲတွင် တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွဋ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအား အသိပညာပေးဟောပြောကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

# ရက် ၁၀၀ စီမံချက်အရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ (အထူး)ဆောင်ရွက်

**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ (နေပြည်တော်)၏ ရက် ၁၀၀ စီမံချက်အရ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန်နှင့် ယာဉ်တိုက်မှုလျော့နည်းစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေတွင် အထူးဖွဲ့နှစ်ဖွဲ့ဖြင့် ယာဉ်တိုက်မှုအဖြစ်အများဆုံး(Hot Spot) နေရာသတ်မှတ်ပြီး ယာဉ်အသွားအလာ များပြားသည့်နေရာ၊ ယာဉ်တိုက်မှုအဖြစ်အများဆုံးနေရာများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မေ ၈ရက် နံနက် ၈နာရီက အမှတ်(၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး (နေပြည်တော်)မှ ဒုတိယ ရဲမှူးကြီး ရဲခိုင် ဦးစီး၍ အမှတ်(၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး(ပျဉ်းမနား)မှ ဒုရဲမှူး နေလင်းအောင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်၍ ပျဉ်းမနားမြို့ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းလမ်းမကြီး ဆင်ရတနာနှင့် မြင်းရတနာကြား၌ ယာဉ်စစ်ဆေးမှုများ ပြုလုပ်ကာ အသိပညာပေးဆောင်ရွက်ခြင်း၊ ပျဉ်းမနားမြို့ လူစည်ကားရာလမ်းများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြစိမ်းရောင်စီမံကိန်း ကျေးရွာ ၁၄၀ ထပ်မံဖော်ဆောင်မည်

**မုံရွာ မေ ၈**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြစိမ်းရောင်စီမံကိန်းအရ ကျေးရွာပေါင်း ၁၄၀ ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“အိမ်ခြေ ၈၀ မပြည့်တဲ့ ကျေးရွာတွေရှိရင်လည်း ကျေးရွာနှစ်ရွာပေါင်းပြီး ဆောင်ရွက်ပေးပါတယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့အခါမှာ ကျေးရွာမှာ ကော်မတီဖွဲ့စည်းတယ်။ ဖွဲ့စည်းပြီးတဲ့ ကော်မတီဝင်တွေကို သင်တန်းတွေပေးတယ်။ ကိုယ့်ကျေးရွာကို ကိုယ်တိုင်စီမံပြီး လုပ်ဆောင်သွားရမှာပါ”ဟု တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းကျော်ကျော်မျိုးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြစိမ်းရောင်စီမံကိန်းကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၄၄ ရွာတွင် တစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၄၃၂၀၀ ကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၃၄၉ ရွာသို့ ငွေကျပ် သိန်း ၁၀၄၇၀၀ ကိုလည်းကောင်း ထုတ်ချေးပေးပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၁၄၀ သို့ ထပ်မံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# တောင်ငူတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဟောပြော

**တောင်ငူ မေ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှကျင်းပသည့် ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်း ယာဉ်အန္တရာယ်ကင်းရှင်းရေး နယ်လှည့်ပညာပေးဟောပြောပွဲကို မေ ၇ ရက် ည ၈ နာရီက တောင်ငူမြို့မှ ငါးမိုင်အကွာ ရွှေလေးအင်းအုပ်စု မအူတောကျူစောင်းကျေးရွာ၌ကျင်းပရာ ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးအောင်တင်ဦးက ယာဉ်တိုက်မှုဖြစ်စဉ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ နားလည်သဘောပေါက်စေရန်တို့ကို အသိပညာပေး ဟောပြောသည်။

ယင်းနောက် ယာဉ်မောင်းစစ်ဆေးရေးမှူး (၂) ဦးစောမင်းဆွေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာနည်းပါးခြင်းကြောင့် ဖြစ်ပေါ်တတ်သည့် အန္တရာယ်ပုံစံများ၊ ဝမ်းနည်းစရာဖြစ်ရပ်များကို ပရိုဂျက်တာဖြင့် ပညာပေးပြသပြီး ဆောင်ရန် ရှောင်ရန်များ ရှင်းပြခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း အာရှဖွံ့ဖြိုးရေးဘဏ်အစည်းအဝေး တက်ရောက် သက်ဆိုင်ရာနိုင်ငံများအလိုက် စီးပွားရေးအလားအလာများဆွေးနွေး

**နေပြည်တော် မေ ၈**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည့် ဂျာမနီနိုင်ငံ၌ ကျင်းပသော အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ နှစ်ပတ်လည်အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံအကြီးအကဲများက ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် မိမိတို့နိုင်ငံများဆိုင်ရာ စီးပွားရေးအလားအလာများကို ဆွေးနွေးခဲ့ကြသည်။



ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့တွင် မေ ၂ ရက်မှ ၅ ရက်အထိ ကျင်းပသော (၄၉)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် အစည်းအဝေး၏ ဒုတိယမြောက်နေ့တွင် ဝန်ကြီး ဦးကျော်ဝင်းက မိန့်ခွန်းပြောကြားခဲ့သည်။

ဝန်ကြီးသည် မြန်မာနိုင်ငံနှင့် ADB အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များအပေါ် ADB ဥက္ကဋ္ဌ မစ္စတာ နာကာအိုနှင့်လည်း ဆွေးနွေးခဲ့သည်။

ထို့အပြင် ဝန်ကြီးသည် အစည်းအဝေးတက်ရောက်စဉ်ကာလအတွင်း ကမ္ဘာ့ဘဏ်အုပ်စုမှ အာရှပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မစ္စဗစ်တိုးရီးယားကွာကွာ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာ ဖူဂူဆာဝါ၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ဝါတာနာဘေး၊ ဂျပန်နိုင်ငံ မစ်ဆူရီဆူမီတိုမို အာမခံ ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ကာရာဆာဝါတို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆက်စပ်အစည်းအဝေးများဖြစ်သော (၁၂)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ်ရန်ပုံငွေ တိုးမြှင့်ထည့်ဝင်ခြင်းဆိုင်ရာ အစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံအပေါင်းသုံးနိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ် ဥက္ကဋ္ဌများ အစည်းအဝေး၊ အရှေ့တောင်အာရှ မဲပေါ့အုပ်အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ တောင်အာရှဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် ဘာသာရပ်ခေါင်းစဉ်အလိုက် ကျင်းပသော ဆွေးနွေးပွဲများသို့လည်း ပါဝင်တက်ရောက်ခဲ့သည်။

ထို့အပြင် စင်ကာပူနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး မစ္စတာ ဟန်းဆွီကက်၊ ဂျာမနီ ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့တို့နှင့်လည်း သီးခြားစီတွေ့ဆုံကာ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသည် အာရှဖွံ့ဖြိုးရေးဘဏ်သို့ ၁၉၇၃ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ယခုအခါ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

# အခွန်ကောက်ခံရရှိမှု တစ်နှစ်ထက်တစ်နှစ်တိုးတက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ငွေကျပ် ၄၅၄၇ ဘီလီယံ ကောက်ခံရရှိ

**ရန်ကုန် မေ ၈**
အခွန်ထမ်းပြည်သူများ၏ တာဝန်သိမှုနှင့် အခွန်ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် တစ်နှစ်ထက်တစ်နှစ် အခွန်ကောက်ခံရရှိမှုမှာ တိုးတက်လျက်ရှိရာ ပြီးခဲ့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အခွန်ကောက်ခံရရှိမှု ငွေကျပ် ၄၅၄၇ ဘီလီယံရှိခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ အခွန်ကောက်ခံရရှိမှုကို လေ့လာကြည့်မယ်ဆိုရင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၁၅၂၈ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ မှာဆိုရင် ၂၆၉၇ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ မှာဆိုရင် ၃၅၆၇ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ မှာဆိုရင် ၄၁၈၅ ဘီလီယံနဲ့ ပြီးခဲ့တဲ့နှစ် ၂၀၁၅-၂၀၁၆ မှာဆိုရင် ၄၅၄၇ ဘီလီယံရှိခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာတော့ ပြီးခဲ့တဲ့နှစ်က အခွန်ကောက်ခံရန် လျာထားမှု ၉၉၄ ဘီလီယံရှိခဲ့ပြီး ၁၀၀၆ ဘီလီယံအထိ တိုးတက်ကောက်ခံနိုင်ခဲ့ပါတယ်။


ဒါတွေကို လေ့လာကြည့်ရင် အခွန်ထမ်း ပြည်သူတွေနဲ့ အခွန်ဝန်ထမ်းတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ဒုတိယအခွန်ဦးစီးဌာနမှူး ဦးသိန်းဇော်က ပန်းဆိုးတန်းရှိ ပြည်တွင်းအခွန်များ ဦးစီးဌာနလိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများ အသိပညာပေးသင်တန်းတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘဏ္ဍာနှစ်ကို ဧပြီ ၁ ရက်မှစတင်ပြီဖြစ်သည်။ အခွန်ဝန်ထမ်းများက နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ အချိန်နှင့်တစ်ပြေးညီ ရရှိရေးကြိုးပမ်းလျက်ရှိကြသည်။

ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေအရ စုစုပေါင်း ငွေကျပ် ၆၂၁၉ ဘီလီယံ ကျော်ကောက်ခံရရှိရန် လျာထားကြောင်း သိရသည်။ ယင်းကဲ့သို့ အခွန်ကောက်ခံရရှိမှုများ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာသော်လည်း အခွန်တိမ်းရှောင်မှုများ ရှိနေဆဲဖြစ်သည်။ အခွန်တိမ်းရှောင်မှုများကို ထိထိရောက်ရောက်ဖော်ထုတ်ကောက်ခံသွားနိုင်မည်ဆိုပါက နိုင်ငံတော်၏ အခွန်ယိုဖိတ်မှုများကို ကာကွယ်သွားနိုင်မည်ဖြစ်သည်။ အခွန်ဝင်ငွေများ တိုးတက်ရရှိလာသည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဖြစ်သည့် လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်း အစရှိသော စီမံကိန်းလုပ်ငန်းများကို ယခုထက် ထိထိရောက်ရောက်ဖော်ဆောင်ပေးလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ အခွန်ကောက်ခံငွေရရှိမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာဖွယ်ရှိသည်။

**မြင့်မောင်စိုး**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၈**
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အိမ်စီးယာဉ်များထက် အငှားယာဉ်များ အရောင်းအဝယ်ဖြစ်



**ရန်ကုန် မေ ၈**
မော်တော်ယာဉ်ဈေးကွက်အတွင်း အိမ်စီးယာဉ်များထက် အငှားယာဉ် (Taxi) များသာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း လှိုင်မြို့နယ်အတွင်းရှိ ယာဉ်ရောင်းဝယ်ရေးစခန်းမှ မော်တော်ယာဉ် အရောင်းအဝယ်ပြုလုပ်သူများထံမှ သိရသည်။

အိမ်စီးယာဉ်ဝယ်ယူရာတွင် ကားပါမစ်နှင့် ကားထားရန်နေရာ စသည့် အခက်အခဲများကြောင့် ယာဉ်ဝယ်ယူသူများအနေဖြင့် စိတ်ဝင်စားမှုနည်းပါးလျက်ရှိပြီး အငှားယာဉ်များကိုသာ စီးပွားဖြစ်လုပ်ကိုင်ရန်အတွက် ဝယ်လိုအားများနေကြောင်း သိရသည်။

"ယာဉ်အရောင်းအဝယ် ဈေးကွက်အနေနဲ့က လက်ရှိအခြေအနေမှာ Taxi ကတော့ တော်တော်လေး အရောင်းသွက်နေတယ်။ တင်သွင်းခွင့် ပိတ်ထားတဲ့အခါကျတော့ နံပါတ်အဟောင်းတွေကိုပဲ ပြန်အဝယ်လိုက်နေတယ်။ အရောင်းအဝယ်ဖြစ်နေတော့ ဈေးကတော်တော်လေးမြောက်သွားပါတယ်"ဟု ယာဉ်အရောင်းအဝယ် ပြုလုပ်နေသူ ကိုလှထွန်းက ပြောသည်။

လက်ရှိဈေးကွက်အတွင်း အငှားယာဉ်အဖြစ် အသုံးများနေသည့် FIELDER နှင့် Probox မော်တော်ယာဉ်များအနေဖြင့် ငွေကျပ်သိန်း ၁၀၀နှင့် ၂၀၀ ဝန်းကျင် မော်တော်ယာဉ်များသာ အရောင်းအဝယ်ရှိကြောင်း သိရသည်။

လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းကို ၂၀၁၄ ခုနှစ်တွင် မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးစခန်းမှ ပြောင်းရွှေ့ဖွင့်လှစ်ထားကြောင်းနှင့် အကျယ်အဝန်း ၁၀ ဧကခန့်ရှိကြောင်း သိရသည်။ ယာဉ်အစီးရေ ၁၂၀၀ ခန့်ရပ်နားနိုင်ပြီး နေ့စဉ်ဝင်ထွက်သွားလာနေသော မော်တော်ယာဉ် ၁၃၀၀ ခန့်ရှိကြောင်း သိရသည်။

"ဟံသာဝတီယာဉ် ရောင်းဝယ်ရေးစခန်း ပိတ်သိမ်းပြီးတော့ သီရိမင်္ဂလာယာဉ် ရောင်းဝယ်ရေးစခန်းရယ်၊ လှိုင်ယာဉ်ရောင်းဝယ်ရေး စခန်းရယ် နှစ်ခုဖွင့်လှစ်ထားပါတယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်း တာဝန်ခံ ဦးမိုးဝေက ရှင်းပြခဲ့သည်။

ရန်ကုန်မြို့တွင် သီရိမင်္ဂလာ ဈေးဟောင်း မြေညီထပ်နှင့် သဃ်န်းကျွန်းမြို့နယ်ရှိ သံသုမာယာဉ်ရောင်းဝယ်ရေးစခန်းတို့ကို တရားဝင် ယာဉ်အရောင်းအဝယ်ပြုလုပ်နိုင်ရန် ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ပန်းနာရင်ကျပ်ရောဂါအကြောင်း သိကောင်းစရာ

**ပါမောက္ခ ဒေါက်တာ ရတနာကျော်**

ပန်းနာရင်ကျပ်ရောဂါကို ဆေးပညာဝေါဟာရအရ [Bronchial Asthma] [Asthma] စသည်ဖြင့် ခေါ်ဆိုကြပါသည်။ အများအားဖြင့် [Asthma] ဟု ပြောဆိုသုံးနှုန်းလေ့ရှိကြပြီး ယင်းစကားလုံး အသုံးအနှုန်းသည် လူအတော်များများ သိပြီး အကျွမ်းဝင်သည့် အသုံးအနှုန်းတစ်ခုဖြစ်ပါသည်။ ပန်းနာရင်ကျပ်ရောဂါဟု လူအများက သိထားကြသည့်ရောဂါသည် လူတစ်ယောက်မှ တစ်ယောက်သို့ မကူးစက်နိုင်သည့် ရောဂါအမျိုးအစားများ [Non Communicable Diseases] အနက်မှ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ [Chronic Respiratory Diseases] အတွင်းတွင် ပါဝင်သော အဓိကရောဂါ တစ်ခုဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လေ့လာတွေ့ရှိထားသော အချက်များထဲတွင် ကမ္ဘာ့လူဦးရေ ၂၃၅ သန်းခန့်သည် ပန်းနာရင်ကျပ်ရောဂါ ခံစားနေကြရသည်ဟူ၍ ဖော်ပြထားပါသည်။ ယင်းတွေ့ရှိချက်များတွင် ပန်းနာရင်ကျပ်ဝေဒနာနှင့် ဆက်နွှယ်နေသည့် သေဆုံးမှုများသည် ဝင်ငွေအဆင့်အတန်းနည်းပါးသည့် နိုင်ငံများ၊ ဝင်ငွေအဆင့်အတန်း အလယ်အလတ်ရှိသည့် နိုင်ငံများတွင် အများဆုံးဖြစ်နေသည်ကို တွေ့ရှိရသည်ဟု ဖော်ပြထားပါသည်။

ပန်းနာရင်ကျပ်ဝေဒနာကြောင့် အသက်ဆုံးရှုံးသွားနိုင်သည့် အလားအလာသည် နာတာရှည်အဆုတ်ပွ လေပြွန်ကျဉ်းရောဂါများ၊ အခြားသော နာတာရှည်ရောဂါများကြောင့် သေဆုံးမှုထက် မြင့်မားခြင်းမရှိသော်လည်း မှန်ကန်ထိရောက်သည့် ကုသမှုများမရခြင်း၊ ကုသမှု စွဲမြဲစွာမခံယူခြင်း စသည့်အချက်များသည် ပန်းနာရင်ကျပ်ရောဂါကြောင့် အသက်ဆုံးရှုံးနိုင်ခြေကို မြင့်မားလာစေနိုင်ပါသည်။

ဖြစ်လိုက် ပျောက်လိုက်နှင့် ခံစားနေရသော နာတာရှည်ဝေဒနာတစ်မျိုးဟု ပြောရမည့် ယင်းရောဂါသည် ဝေဒနာခံစားနေရသူများ၊ ၎င်းတို့၏ မိသားစုဝင်များ၊ ရောဂါဝေဒနာရှင်များနှင့် သက်ဆိုင်နေသည့် လူနေမှုစနစ် အသိုက်အဝန်းအပေါ်တွင် ဝန်ထုပ်ဝန်ပိုးတစ်ခုကဲ့သို့ ဖြစ်လာစေတတ်ပြီး နောက်ဆုံးတွင် တိုင်းပြည်၏ ကုန်ထုတ်စွမ်းအား ကျဆင်းစေမည်ဖြစ်ပါသည်။

ပန်းနာရင်ကျပ်ဝေဒနာဖြစ်ပေါ်လာသည့် အကြောင်းရင်းဇာစ်မြစ်ကို အတိအကျဖော်ညွှန်းထောက်ပြ၍ မရနိုင်သော်လည်း-

- မျိုးရိုးဗီဇ
- အသက်ရှူလမ်းကြောင်းတစ်လျှောက်တွင် ခံတတ်မတည့်မှုများ ဖြစ်ပေါ်လာစေနိုင်သည့် အမှုန်များ၊ အငွေ့များကို ရှူရှိုက် ကိုင်တွယ်ထိတွေ့မိခြင်း စသည့်အချက်နှစ်ချက်သည် အဓိကအကြောင်းရင်းပင် ဖြစ်ပါသည်။

မျိုးရိုးဗီဇနှင့်ပတ်သက်ပြီး အများအားဖြင့် မိဘဘိုးဘွားများတွင် ပန်းနာရင်ကျပ်ရောဂါရှိခဲ့ပါက သားသမီးမြေးမြစ်များတွင် ပန်းနာရင်ကျပ်ရောဂါဖြစ်ရန် ရာခိုင်နှုန်းပိုများသည်ဟု ဆေးပညာအရ လက်ခံထားပါသည်။

အသက်ရှူလမ်းကြောင်းတွင် ခံတတ်မတည့်မှုများဖြစ်ပေါ်လာစေနိုင်သည့် အကြောင်းအရာများမှာ-

- အိမ်တွင်းတွင်ရှိသော ဖုန်၊ အမှုန်အမွှားများ၊
- အိမ်မွေးတိရစ္ဆာန်များ၏ အမွေးအမှင်များ၊
- ပြင်ပလေထုထဲတွင် ပျံ့လွင့်နေတတ်သည့် ပန်းဝတ်မှုန်များ၊ မှိုများ၊
- အိမ်တွင်းအိမ်ပြင်မှ မီးခိုးငွေ့၊ ဖုန်မှုန့်၊ အငွေ့မျိုးစုံကြောင့် ဖြစ်ပေါ်လာသည့် လေထုညစ်ညမ်းမှုများ၊
- အဆုတ်နှင့် အသက်ရှူလမ်းကြောင်းကို ထိခိုက်စေနိုင်သည့် အခဲ၊ အရည်၊ အငွေ့ပစ္စည်းများ၊
- ဆေးလိပ် / ဆေးရွက်ကြီး သောက်သုံးခြင်းများ စသည်တို့ဖြစ်ပါသည်။

ဆေးလိပ်/ဆေးရွက်ကြီး သောက်သုံးခြင်းဆိုရာ၌ ကိုယ်ကိုယ်တိုင်သောက်သုံးခြင်းနှင့် သောက်သုံးသူထံမှ အငွေ့ကို တစ်ဆင့်ခံ ရှူရှိုက်မိခြင်းဆိုသည့် အခြေအနေနှစ်မျိုးစလုံးကို ဆိုလိုခြင်းဖြစ်ပါသည်။

တစ်ခါတစ်ရံတွင် ပန်းနာရင်ကျပ်ဝေဒနာရှိသူများသည်-

- အေးသောလေထု၊
- ဒေါသစိတ်၊ ကြောက်စိတ်စသောပြင်းထန်သည့် စိတ်လှုပ်ရှားမှု၊
- ပြင်းထန်သည့်ကိုယ်လက်လှုပ်ရှားမှု စသည့်အခြေအနေများကြောင့်လည်း ပန်းနာရင်ကျပ်ဝေဒနာဖြစ်ပေါ်လာခြင်း၊ ရောဂါအခြေအနေ ဆိုးရွားလာခြင်းကို ကြုံတွေ့ရတတ်ပါသည်။

ပန်းနာရင်ကျပ်ဝေဒနာနှင့်ပတ်သက်၍ အထူးသတိပြုရန်လိုအပ်သည့် ဆေးဝါးများလည်းရှိပါသည်။ ၎င်းတို့မှာ -

- အက်စပရင်[Aspirin]၊
- [Non- steroidal anti- inflammatory Drugs]ဟု ခေါ် ဆိုကြသည့် အကိုက်အခဲပျောက်ဆေးများ
- [Beta-blocker] ဟု ခေါ်ဆိုကြသည့် သွေးတိုး၊ နှလုံးရောဂါနှင့် သက်ဆိုင်သည့် ဆေးများဖြစ်ပါသည်။

ဖော်ပြပါ ဆေးဝါးများသုံးစွဲမိပါက တချို့မတည့်သူများတွင် ရပ်ကျပ်ရောဂါ ထလာတတ်ပါသည်။

ယခုဖော်ပြခဲ့သည့်အကြောင်းတရားများ စုစည်းတိုက်ဆိုင်လာကြသည့် အခါတွင် အဆုတ်အတွင်းရှိ အသက်ရှူလမ်းကြောင်း (လေပြွန်)များ အတွင်းတွင် ပြောင်းလဲမှုများ ဖြစ်ပေါ်လာကြပါသည်။ ထိုပြောင်းလဲမှုများထဲတွင် အဓိကအကျဆုံး ပြောင်းလဲမှုမှာ အသက်ရှူလမ်းကြောင်း (လေပြွန်)များ၏ နံရံအတွင်းသားများ ရောင်ရမ်းလာခြင်းဖြစ်ပါသည်။ ယခုလို ရောင်ရမ်းလာသည့်အတွက် လေပြွန်လမ်းကြောင်းများသည် ကျဉ်းမြောင်းလာပါသည်။ လေပြွန်လမ်းကြောင်းများ ကျဉ်းမြောင်းသွားကြသဖြင့် နောက်ဆက်တွဲ အကျိုးဆက်အနေနှင့် အဆုတ်အတွင်းကို လေဝင်ရောက်နိုင်မှု၊ အဆုတ်ထဲကနေ လေကို ပြန်လည်ရှူထုတ်မှုများမှာ အခက်အခဲဖြစ်လာရပါသည်။

ထိုကဲ့သို့ ပြောင်းလဲမှုများဖြစ်လာသည့်အတွက်ကြောင့် ပန်းနာရင်ကျပ်ဝေဒနာခံစားလာရသူများတွင်-

> **ပန်းနာရင်ကျပ်ဝေဒနာကြောင့် အသက်ဆုံးရှုံးသွားနိုင်သည့် အလားအလာသည် နာတာရှည် အဆုတ်ပွလေပြွန်ကျဉ်းရောဂါများ၊ အခြားသော နာတာရှည်ရောဂါများကြောင့် သေဆုံးမှုထက်မြင့်မားခြင်းမရှိသော်လည်း မှန်ကန်ထိရောက်သည့် ကုသမှုများမရခြင်း၊ ကုသမှု စွဲမြဲစွာ မခံယူခြင်း စသည့်အချက်များသည် ပန်းနာရင်ကျပ်ရောဂါကြောင့် အသက်ဆုံးရှုံးနိုင်ခြေကို မြင့်မားလာစေနိုင်**

- အသက်ရှူမဝခြင်း၊
- မောကျပ်ခြင်း၊
- အသက်ရှူသွင်း ရှူထုတ်လိုက်သည့်အခါတွင် တရှုံ့ရှုံ့မြည်နေတတ်ခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပေါ်ခံစားလာရခြင်းဖြစ်ပါသည်။

ဝေဒနာကို ဘယ်နှကြိမ်ခံစားရလဲ၊ ဘယ်အတိုင်းအတာအထိ ဆိုးဆိုးရွားရွား ခံစားရနိုင်လဲ ဆိုသည့်အချက်များမှာ လူတစ်ယောက်ချင်းစီအလိုက် ကွာခြားတတ်ပါသည်။ အချို့သောသူများသည် တစ်နေ့တည်း သို့မဟုတ် ရက်သတ္တပတ်အတွင်းတွင် ယခုကဲ့သို့ ဝေဒနာမျိုးကို မကြာခဏဆိုသလို ခံစားကြရတတ်ပါသည်။ အချို့သောသူများသည် လှုပ်ရှားသွားလာနေသည့်အချိန် ညပိုင်းအချိန်များတွင် ရင်ကျပ်ဝေဒနာ ဖြစ်ပေါ်ခံစားရတတ်ပါသည်။

ပန်းနာရင်ကျပ်ဝေဒနာ မကြာခဏဆိုသလို ခံစားလာသောအခါတွင် မောပန်းနွမ်းနယ်ခြင်း၊ အိပ်ရေးပျက်လာခြင်း၊ လှုပ်ရှားသွားလာနိုင်မှုများ ထိခိုက်ကျဆင်းလာခြင်း စသည့်အနေအထားများ ဖြစ်ပေါ်လာတတ်ပါသည်။ ယင်းအနေအထားအများ၏ အကျိုးဆက်ဆိုးများမှာ အလုပ်အကိုင်၊ ပညာရေး စသည်တို့နှင့် ပတ်သက်သည့် စွမ်းဆောင်ရည်များ နိမ့်ပါးလာတတ်ပါသည်။ ယခုကဲ့သို့ဖြစ်ပေါ်လာသည့် အခြေအနေအားလုံးသည် ကနဦးတင်ပြခဲ့သကဲ့သို့ သက်ဆိုင်ရာကာယကံရှင်အတွက်၊ သူ့မိသားစုအတွက်၊ သူနှင့်ဆက်နွှယ်နေသည့် လူနေမှုစနစ် အသိုက်အဝန်းများတွင် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်လာရပါတော့သည်။

တစ်ခါတစ်ရံတွင် ပန်းနာရင်ကျပ်ဝေဒနာသည် ရုတ်ခြည်းဆိုသလို ဆိုးရွားပြင်းထန်သည့်အခြေအနေကို ရောက်ရှိသွားတတ်ပါသည်။ ယခုကဲ့သို့ ရောက်ရှိသွားတတ်ခြင်းကြောင့် အချိန်မသင့်လျှင် အသက်အန္တရာယ်ဖြစ်ပေါ်လာနိုင်ပြီး ယင်းအချက်သည်လည်း အထူးသတိပြုသင့်သည့် အချက်တစ်ချက်ဖြစ်ပါသည်။

ပန်းနာရင်ကျပ်ဝေဒနာသည် ဖြစ်လိုက်ပျောက်လိုက်နှင့် ခံစားနေရသည့် နာတာရှည်ဝေဒနာ အမျိုးအစားတစ်ခုဖြစ်ပြီး ယခုအနေအထားမှာ လုံးဝပျောက်ကင်းသွားအောင် ကုသနိုင်ခြင်းမရှိသေးပါ။ သို့သော်လည်း တတ်ကျွမ်းနားလည်သည့် ပညာရှင်များထံတွင် ကုသမှုခံယူပြီး မှန်ကန်ထိရောက်ကောင်းမွန်သည့် ကုသမှုများရနိုင်ခဲ့မည်ဆိုပါက ရောဂါအခြေအနေကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်လာနိုင်မည်ဖြစ်ပါသည်။

ထိုဝေဒနာနှင့် ပတ်သက်သည့် ဆေးဝါးကုထုံးများမှာ-

- ဝေဒနာ လတ်တလော သက်သာပျောက်ကင်းစေနိုင်သည့် ဆေးဝါးများ၊
- လေပြွန်လမ်းကြောင်းတွင် ဖြစ်ပေါ်တတ်သည့် ခံတတ်မတည့်မှုများကို တားဆီးထိန်းချုပ်ပေးနိုင်သည့် ဆေးဝါးများ၊
- ဝေဒနာဆိုးရွား ပြင်းထန်လာနိုင်ခြေကိုဟန့်တားထိန်းသိမ်းပေးနိုင်ရန် ကာလတာရှည်သုံးစွဲရသည့်ဆေးဝါးများ ပါဝင်ပါသည်။

ပန်းနာရင်ကျပ်ဝေဒနာကို ကုသသည့်ဆေးဝါးများမှာ သောက်ဆေး၊ ထိုးဆေး၊ ပါးစပ်ထဲသို့ မှုတ်သွင်းရှူရှိုက်ရသည့်ဆေးဝါး [Inhalers] များပါဝင်ပါသည်။ ပါးစပ်ထဲသို့ မှုတ်သွင်းရှူရှိုက်ရသည့်ဆေးဝါး [Inhalers] များ အသုံးပြုသည့်အခါတွင် နည်းစနစ်မမှန်ကန်ပါက အကျိုးအာနိသင် ထိရောက်မှုမရှိတတ်ပါ။ သို့သော် ဝေဒနာရှင်များအနေဖြင့် မည်သည့်ဆေးဝါးများကို မည်သည့်အတိုင်းအတာအထိ သုံးစွဲရမည်ကို တတ်ကျွမ်းနားလည်သည့် ပညာရှင်များ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာရန် လိုအပ်ပါသည်။ ပါးစပ်ထဲသို့ မှုတ်သွင်းရှူရှိုက်ရသည့်ဆေးဝါး [Inhalers] ကဲ့သို့ဆေးဝါးမျိုးကို အသုံးပြုရန်လိုအပ်ပါက နည်းစနစ် မှန်မှန်ကန်ကန် အသုံးပြုနိုင်ရန်အတွက် တတ်ကျွမ်းနားလည်သည့်သူများ၏ စနစ်တကျ ညွှန်ကြား ပြသမှုအတိုင်း လိုက်နာရန် လိုအပ်ပါသည်။

ယခုကဲ့သို့ ဆေးဝါးကုသမှုများအပြင်၊ အသက်ရှူလမ်းကြောင်းတွင် ခံတတ်မတည့်မှုများ ဖြစ်ပေါ်စေနိုင်သည့်အခြေအနေများကို ရှောင်ရှားနိုင်ရန်လည်း လိုအပ်ပါသည်။ ဝေဒနာရှင်တစ်ဦးချင်းအလိုက် ကွာခြားမှုအနည်းနှင့်အများဆိုသလို ရှိနေတက်ပါသည်။ ရောဂါဝေဒနာရှင်များအနေဖြင့် မိမိသည် ဘယ်လိုအနေအထားတွင် ပန်းနာရင်ကျပ်ဝေဒနာ ဖြစ်ပေါ်လာတတ်သည်ကို သိထားသင့်၊ သတိထားသင့်ပါသည်။

အချို့သောသူများမှာ ကိုယ့်ကိုယ်ကိုယ် သတိထားမိတတ်ကြပါသည်။ (ခံတတ်မတည့်မှုအခြေအနေများကို တက်ကျွမ်းနားလည်သူများနှင့် စမ်းသပ်စစ်ဆေးကြည့်နိုင်ပါသည်။)

ပန်းနာရင်ကျပ်ရောဂါသည် ပျောက်ကင်းအောင်ကုသ၍ ရနိုင်သည့် ရောဂါအမျိုးအစားမဟုတ်သဖြင့် ယင်းရောဂါနှင့်ပတ်သက်သည့် ကာကွယ်ကုသရေးနည်းလမ်းများကို အကြံပြုတင်ပြလိုပါသည်-

- ဆေးလိပ်သောက်နေသည့်သူဖြစ်ပါက ဆေးလိပ်ဖြတ်ပါ၊
- မိမိပတ်ဝန်းကျင်၏ လေထုညစ်ညမ်းမှုကို ကာကွယ်တားဆီးပါ၊
- ဖုန်၊ အမှုန့်၊ မီးခိုး၊ အငွေ့များကို တတ်နိုင်သမျှ ရှောင်ရှားပါ၊
- ပန်းနာရင်ကျပ်ဝေဒနာနှင့်ပတ်သက်၍ နားလည်တတ်ကျွမ်းသူများထံတွင် စောစီးစွာပြသ ကုသမှုခံယူပါ၊
- နားလည်တတ်ကျွမ်းသူများက ညွှန်ကြားသောဆေးဝါးများကို ပုံမှန်သုံးစွဲပါ၊
- ကျန်းမာရေးနှင့်ညီညွတ်အောင်နေထိုင်ပါ။

အထက်ပါ အကြောင်းအချက်များကို ဖတ်ရှုလိုက်ရသည့် ပြည်သူလူထုအနေဖြင့် ပန်းနာရင်ကျပ်ရောဂါနှင့် သက်ဆိုင်သည့်ပြဿနာ အတိမ်အနက်၊ ရောဂါဖြစ်ပွားစေသည့် အကြောင်းအချက်များ၊ ရောဂါလက္ခဏာများ၊ ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ၊ ကာကွယ်ကုသမှုနည်းလမ်းများနှင့် ပတ်သက်သည့် ကျန်းမာရေး အသိပညာကို အတိုင်းအတာတစ်ခုအထိ ရရှိလာနိုင်လိမ့်မည်ဟု ယူဆမိပါသည်။

ပြည်သူလူထုအားလုံး ရောဂါဘယကင်းဝေးပြီး ကျန်းမာပျော်ရွှင်သည့်ဘဝများကို ပိုင်ဆိုင်နိုင်ကြပါစေရန် ဆန္ဒပြုလိုက်ရပါသည်။ ။

◆ *ကျောဖုံးမှ*

ပညာရှင်တွေ အလွန်ရှားနေတဲ့အတွက် မျိုးဆက်သစ်တွေလည်း မရှိတော့ဘူး။ လူငယ်အများစုကလည်း မြန်မာလက်မှုပညာရပ်တွေနဲ့ပတ်သက်ပြီး သိပ်အထင်မကြီးကြတာလည်း ပါတယ်။ တကယ်ဆိုလူတိုင်းမတတ်တဲ့ လက်မှုပညာရပ်ကဏ္ဍကို မြှင့်တင်ပေးသင့်တယ်။ တခြားနိုင်ငံတွေမှာဆို အစိုးရရဲ့အထောက်အပံ့ရှိနေတဲ့အတွက် ကျွန်မတို့ နိုင်ငံမှာလည်း အစိုးရအကူအညီ လိုအပ်နေပါတယ်” ဟု၎င်းကဆိုသည်။

မြဝတီလမ်းကြောင်းက လွဲရင် ဈေးကွက်မရှိဘူး။ ထိုင်း ဘက်ရောက်သွားရင် Made in Thailand ဆိုပြီး ဈေး ၁၀ ဆလောက် တင်ရောင်းတယ်။ မြန်မာနိုင်ငံက တကယ်လုပ်ရတဲ့ ပညာရှင်တွေက ရုန်းကန်နေရတဲ့ဘဝက တက်မလာပါဘူး။

“မြန်မာ့လက်မှုပစ္စည်းတွေကို နိုင်ငံခြားဈေးကွက်ထက် ပြည်တွင်းဈေးကွက်မှာ နေရာရစေချင်တယ်။ ခက်တာက လက်မှုပစ္စည်း လာဝယ်တဲ့ မြန်မာလူမျိုးတွေဟာ နိုင်ငံခြားသားတွေကို လက်ဆောင်ပေးဖို့ပဲ ဝယ်ကြတယ်။ မြန်မာနိုင်ငံမှာ ပဒေါင်သူတွေကိုမြင်ရင် နိုင်ငံခြားသားတွေကမေးတယ် ထိုင်းနိုင်ငံက ၄ားထားတာလားတဲ့။ ပဒေါင်အစ မြန်မာပြည်ကဆိုတာ သူတို့လုံးဝမသိဘူး။ နောက် ၁၀ နှစ်ဆို မြန်မာ့လက်မှုပညာတွေကို ထိုင်းနိုင်ငံမှာပဲ သွားကြည့်ရတော့မယ်”ဟု ၎င်းက သုံးသပ်ပြောကြားသည်။

ပညာရှင်အများစုမှာ လက်မှုပညာရပ်ဖြင့် စားဝတ်နေရေးရပ်တည်နိုင်ရန် မဖြစ်နိုင်သည့်အခြေအနေတွင် ၎င်းတို့ ပညာရပ်များကိုစွန့်လွှတ်၍ ဆိုင်ကယ်ကယ်ရီ၊ ပန်းရန်၊ လက်သမား၊ ညစောင့် စသည့် လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေမှုများရှိကြောင်း လက်မှုပညာရပ်လုပ်ကိုင်သူ တစ်ဦးက ထပ်လောင်းပြောကြားသည်။

“မန္တလေးမှာ မြန်မာ့လက်မှုလုပ်ငန်းဖြစ်တဲ့ ရွှေချည်ထိုးလုပ်ငန်းဆို အရင်က ရပ်ကွက်ကြီးရှိတယ်။ အခုလုံးဝမရှိတော့ဘူး။ မန္တလေးတစ်မြို့လုံးမှာ ရွှေချည်ထိုးလုပ်ငန်းလုပ်တဲ့အိမ် ငါးအိမ်လောက်ပဲ ကျန်တော့တယ်။ အဲဒီငါးအိမ်မှာ လေးအိမ်က မြဝတီလမ်းကြောင်းကနေ ထိုင်းဘက်ကိုပို့ပြီး Made in Thailand လို့ တပ်ပေးနေရတယ်။ ရင်နာဖို့ကောင်းပါတယ်” ဟု ၎င်းက ဆိုသည်။

ထို့ကြောင့် မြန်မာ့လက်မှုအနုပညာလုပ်ငန်းများ ရှင်သန်နိုင်ရေးအတွက် ပြည်တွင်းဈေးကွက်တစ်ခု ဖန်တီးရမည့်အပြင် နိုင်ငံသားများကလည်း ကိုယ့်နိုင်ငံ၏ လက်မှုအနုပညာရပ်များကို တန်ဖိုးထားတတ်စေရန် လိုအပ်ကြောင်း သိရသည်။

# ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားများကျင်းပ၊ ထူးချွန်ကြက်ခြေနီများအား ဂုဏ်ပြု

**နေပြည်တော် မေ ၈**

(၆၈)နှစ်မြောက် ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ ဂုဏ်ပြုအခမ်းအနားများ ကျင်းပလျက်ရှိရာ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ကြက်ခြေနီအသင်းရုံး၌ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် သက်ကြီးတပ်ဖွဲ့ဝင်များ ကန်တော့ပွဲနှင့် ထူးချွန်ကြက်ခြေနီများ ထပ်ဆင့်ဂုဏ်ပြု အခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်းအတွင်းရေးမှူး ဦးချစ်ဆွေက မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး နေပြည်တော်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှလှကြည်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ထူးချွန်ကြက်ခြေနီဆုရရှိသူ တပ်စုမှူး မေပုလဲအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး မြို့နယ်ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များက သူနာပြုစွမ်းရည်များကို အဖွဲ့လိုက် လက်တွေ့သရုပ်ပြသကြသည်။

ထို့နောက် မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး မျိုးသန်းဝင်းက သူနာပြုစွမ်းရည်ပြသကြသည့်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်ရာ တပ်ဖွဲ့ဝင်များကိုယ်စား တပ်စုမှူး မေပုလဲနှင့် တပ်ကြပ်ကြီး မျိုးမင်းဇော်တို့က လက်ခံ



ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား၌ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များ သူနာပြုစွမ်းရည်အဖွဲ့လိုက်ပြသစဉ် (ဓာတ်ပုံ-ဇော်မင်းလွင်)

ကြပြီး တက်ရောက်လာကြသူများက သက်ကြီးတပ်ဖွဲ့ဝင်များအား စုပေါင်းကန်တော့ကြကြောင်း သိရသည်။

**ရွှေကုက္ကို**

**မြစ်ကြီးနား**

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားကို ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကြက်ခြေနီတေးသီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကချင်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ်နှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒုက္ခရောက်နေသော ပြည်သူလူထုများကို ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် အဘက်ဘက်က ကူညီထောက်ပံ့ပေးလျက်ရှိသည့်အတွက် ချီးကျူးဂုဏ်ပြုလိုပါကြောင်း၊ လူနှင့် လူ့ပတ်ဝန်းကျင်တွင် ကျရောက်မည့်၊ ကျရောက်ဆဲဘေးအန္တရာယ်များ၊ လက်နက်ကိုင်ပဋိပက္ခများကြားမှ လူသားချင်းစာနာထောက်ထားမှုဖြင့် အကူအညီလိုအပ်နေသူများကို အမြဲတမ်းကူညီဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၁၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေထံမှ ပေးပို့သည့် သဝဏ်လွှာအား ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းလွင်က ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၁၆ ခုနှစ်အတွင်း ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများချီးမြှင့်ပြီး ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌက လစဉ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများ ပုံမှန်ပေးပို့နိုင်သည့် ချီဖွေမြို့နယ်၊ ဝိုင်းမော်၊ မိုးညှင်း၊ ဗန်းမော်နှင့် ကာမိုင်းမြို့နယ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ ချီးမြှင့်သည့် ချီးကျူးဂုဏ်ပြုလွှာ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ တပ်ဖွဲ့မှူးရဲမှူးကြီး မောင်စိုးက မိဘမဲ့ကျောင်း ငါးကျောင်း၊ မျက်မမြင်ကျောင်းနှင့် ဘုန်းတော်ကြီးသင်စာသင်ကျောင်းများမှ ကျောင်းသားကျောင်းသူများအတွက် Student Kit (ကျောင်းသားသုံးပစ္စည်းများနှင့် ကျောင်းဝတ်စုံများ)ကို ထောက်ပံ့ပေးအပ်ပြီး ကြက်ခြေနီတပ်ဖွဲ့အတွက် အလှူငွေများကို ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်ငါးသိန်းနှင့် အလှူရှင်များက စုစုပေါင်းငွေကျပ် ၂၅ သိန်း ထောက်ပံ့ပေးအပ်ကြရာ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ ဦးစီးမှူး (ပထမတန်း) ဦးဂဲနက်စ်က လက်ခံယူခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

**ကျိုင်းတုံ**

(၆၈)နှစ်မြောက် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီက ကျိုင်းတုံမြို့ လေယာဉ်လမ်းရှိ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးက အမှာစကားပြောပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက ပေးပို့သော ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားသဝဏ်လွှာကို တွဲဖက်ပြည်နယ် ကြက်ခြေနီ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းက ဖတ်ကြားသည်။ ဆက်လက်ပြီး အကြိမ် ၃၀ နှင့်အထက် သွေးလှူဒါန်းပေးကြသောကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသတွင်းသဘာဝဘေးဖြစ်စဉ်၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှု ဂုဏ်ပြုလွှာနှင့် ၂၀၁၆ ထူးချွန်ကြက်ခြေနီ မောင်မယ်များကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

**မန္တလေး**

၂၀၁၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ စွမ်းဆောင်ရည်ဆုများနှင့် ထူးချွန်ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြပြီး ခင်းကျင်းပြသထားသော မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မန္တလေးတိုင်းဒေသကြီးအတွင်း ဘေးဒုက္ခကျရောက်ပါက အချိန်နှင့်တစ်ပြေးညီ ကူညီနိုင်ရန် ကြိုတင်ပေးပို့ထားသည့် ပစ္စည်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မြန်မာစာ၊ မြန်မာစကား၊ မြန်မာများကြောင့် ပျက်စီးတော့မှာလား

ယနေ့ကာလတွင် မြန်မာစာ၊ မြန်မာစကားများကိုအသံထွက်အတိုင်းလိုက်ပြီး ရေးနေကြသည်ကို ဖတ်နေရသည်။ ထိုအတိုင်းဆက်လက်သွားပါက အမှားသည် အကြိမ်ကြိမ်ဆက်မှားနေသဖြင့် နောင်လာနောက်သားတို့က အမှန်ထင်သွားကြမည်မှာ မလွဲတော့ပေ။

ထို့အပြင် ထွက်ခွာရာပုဒ်၊ ဆိုက်ရောက်ရာပုဒ်၊ နေရာပြပုဒ်တို့ကိုလည်း ကပြောင်းတိကပြောင်းပြန်ရေးလာကြသည်ကိုလည်း တွေ့နေရပေသည်။ အဆိုးဆုံးမှာ ယနေ့ဆိုရှယ်မီဒီယာဖြစ်သော ဖေ့စ်ဘွတ်ခ်တွင် အရေးအသားများမှာ အလွန်ပင် ဆိုးရွားလာသည်ကို တွေ့ရသည်။ ထိုကဲ့သို့ ဆက်လက်ပြုမူလုပ်ဆောင်သွားပါက မြန်မာစာ၊ မြန်မာစကားသည် မြန်မာတွေဖျက်လို့ ပျက်တော့မည်ဖြစ်သလို ထိုသို့ပျက်စီးသွားပါက မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကားဟူ၍ ပြောရမည်ကို နှုတ်တွန့်လာမည်ဖြစ်သည်။

ယနေ့ဖေ့စ်ဘွတ်ခ်များတွင် အများဆုံးတွေ့နေရသည်မှာ ကိုကြီးဆိုရင်( ကွီး)တဲ့၊ ညီလေးကို(ညေး)တဲ့၊ မမကို(မ္မမ္မ)တဲ့၊ ညီမလေးကို (ညလေး)တဲ့၊ ထို့အပြင် မုန့်ဟင်းခါးကို (မွင်းငါး)တဲ့၊ ဟုတ်တယ်ကို(ဟုတ်တရ်) ဟု ရေးနေကြလေသည်။ ဒီလိုအရေးအသား၊ ဒီလိုအပြောအဆိုတွေ ဘယ်စာသင်ကျောင်းကမှ သင်ကြားပေးခြင်းရှိမည်မထင်။ ထို့ကြောင့်လည်း မြန်မာစာ၊ မြန်မာစကားကို မြန်မာများကိုယ်တိုင် ဖျက်ဆီးနေခြင်းပင်ဖြစ်သည်။

"အဆိုးဆုံးကတော့ ဘုရား၊ ဘုရားကိုတောင်မှ ဖျားဖျားတဲ့၊ ဘာစကားလုံးတွေမှန်းမသိတော့ပါဘူးခင်ဗျာ၊ ဘုရား ဘုရားလို့ဆိုတဲ့ စကားလုံးကိုတောင် ဖျားဖျားဖြစ်နေမှတော့ သေချာတာကတော့ မြန်မာစာဟာ မြန်မာတွေဖျက်လို့ပျက်ရတော့မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ယနေ့ခေတ်ဆိုရှယ်မီဒီယာ(ခေါ်) ဖေ့စ်ဘွတ်ခ်အသုံးပြုသူများအနေဖြင့် ထိုကဲ့သို့ စာပျက်၊ စကားပျက်များကို အသုံးပြုခြင်း မလုပ်ကြစေဖို့ တိုက်တွန်းလိုပါတယ်" ဟု နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်းမှ ဆရာမ ဒေါ်အေးအေးက ဆိုသည်။ အဘယ်ကြောင့်ဆိုသော် နောင်ကာလ မြန်မာစာ၊ မြန်မာစကား ပျက်စီးသွားပါက သမိုင်းမှာတရားခံမဖြစ်စေလို၍ပင် ဖြစ်သည်။

**သန်းဦး(လေးမျက်နှာ)**

## သဘာဝဘေးအန္တရာယ်နှင့် လူကုန်ကူး/လူမှောင်ခိုဆိုင်ရာ အသိပညာပေးဟောပြော

**မိုးညို မေ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့ သခင်လှရှိန်ရပ်ကွက် ဓမ္မာရုံ၌သဘာဝဘေး (ငလျင်ဒဏ်) ဖြစ်ပွားလာပါက လိုက်နာဆောင်ရွက်ရမည့် အသိပညာပေးနည်းလမ်းများနှင့် လူကုန်ကူး/လူမှောင်ခိုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်လွင်က အမှာစကားပြောကြားခြင်းနှင့် ဖြစ်ပွားပါက လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးရှင်းလင်းပြောကြားခဲ့ပြီး အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှူး ရုံးခွဲ(သာယာဝတီ)မှ ရဲအုပ် လှဇော်ဝင်းက လူကုန်ကူးမှု/လူမှောင်ခိုဆိုင်ရာများအား အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်လွင်၊ ဒုတိယရဲမှူးဝင်းထွန်း၊ မြို့နယ်ပညာရေးမှူး ဦးအုန်းမြင့်၊ ပြည်သူလူထု စုစုပေါင်း ၈၅ ဦးခန့် တက်ရောက်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ (မိုး/ဇလ)



# ဧဝရက်တောင်တက် မြန်မာသုံးဦး ကျန်းမာရေးကောင်းမွန်လျက်ရှိ မကြာမီ မြန်မာနိုင်ငံအလံကို အောင်မြင်စွာ စိုက်ထူနိုင်ရေးကြိုးပမ်းမည်

**ရန်ကုန် မေ ၈**

ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ တက်ရောက်၍ မြန်မာနိုင်ငံအလံစိုက်ထူရန် ကြိုးပမ်းနေသော မြန်မာတောင်တက်သမား သုံးဦးသည် ယခုအခါတွင် တောင်ခြေသို့ အောင်မြင်စွာရောက်ရှိနေပြီးဖြစ်ကာ ကျန်းမာရေးကောင်းမွန်ပြီး ရာသီဥတုသာယာသည်နှင့် တောင်ထိပ်သို့တက်၍ မြန်မာနိုင်ငံအလံကို အောင်မြင်စွာစိုက်ထူနိုင်ရေး ကြိုးပမ်းနေကြောင်း သိရသည်။

နီပေါနိုင်ငံရှိ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ တက်ရောက်ရန် မြန်မာနိုင်ငံ တောင်တက်သမားသုံးဦးဖြစ်သည့် ကိုညီညီအောင်၊ ကိုပြည့်ဖြိုးအောင်နှင့် ကိုဝင်းကိုတို့ တောင်တက်သမားသုံးဦးနှင့် တောင်တက်အဖွဲ့ဝင်များသည် ထူးဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် ယခု တက်ရောက်နေခြင်းဖြစ်ပြီး ကမ္ဘာ့အမြင့်ဆုံး တောင်ဖြစ်သည့် အမြင့်ပေ ၂၉၀၂၈ ပေရှိသော ဧဝရက်တောင်ကို တက်ရောက်၍ ပထမဆုံး မြန်မာနိုင်ငံအလံ စိုက်ထူနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ အဆိုပါ ဧဝရက် တောင်ထိပ်ကို ၁၉၅၃ ခုနှစ် မေ ၂၉ ရက်တွင် Sir Edmund Hillary က ပထမဆုံး အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်းသိရသည်။ နိုင်ငံပေါင်းများစွာမှ လူထောင်ပေါင်းများစွာ တက်ရောက်အောင်မြင်ပြီးဖြစ်သော ယင်းတောင်ထိပ်သို့ မြန်မာနိုင်ငံရှိ တောင်တက်သမားတို့ အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခဲ့ခြင်းမရှိဘဲ ယခုအကြိမ် ပထမဆုံး အောင်မြင်စွာတက်ရောက်၍ မြန်မာနိုင်ငံအလံစိုက်ထူနိုင်ရေး ကြိုးပမ်းနေခြင်းဖြစ်သည်။

မြန်မာတောင်တက်အဖွဲ့သည် လိုအပ်သော လေ့ကျင့်မှုများပြုလုပ်ပြီး ကျန်းမာရေး ကောင်းမွန်စွာဖြင့် တောင်ခြေရင်းသို့ ရောက်ရှိနေပြီဖြစ်ခြင်းကြောင့် ယခုလာမည့် မေ ၂၀ ရက် မတိုင်မီ ရာသီဥတုပွင့်သည့်အချိန်တွင် တောင်ထိပ်ကို စတင်တက်ရောက်တော့မည်ဖြစ်သည်။ ယခု ဧဝရက်တောင်ခြေစခန်းတွင် အားဖြည့်အနားယူနေပြီး လိုအပ်သည်များ ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ အဆိုပါ တောင်တက်အဖွဲ့အား Htoo Group of Companies အဖွဲ့သည် ground team အနေဖြင့် လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးနိုင်ရန် နီပေါနိုင်ငံသို့ မေ ၆ရက်က ထွက်ခွာသွားပြီဖြစ်သည်။ မိမိတို့နိုင်ငံရဲ့အလံကို ကမ္ဘာ့ အမြင့်ဆုံးတောင်ထိပ်သို့ ဂုဏ်သရေရှိစွာ လွှင့်ထူနိုင်ရန်ကြိုးပမ်းမှုကို ပြည်သူများ၏ ဆန္ဒနှင့်အညီ တောင်တက်သမားသုံးဦးကလည်း သဘာဝကိုအန်တုကာ ကြိုးပမ်းလျက်ရှိသည်။

မြန်မာတောင်တက်အဖွဲ့သည် မေ ၁ ရက် မှ စတင်ကာ Camp 1 ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး နောက်ရက်များတွင်လည်း ရာသီဥတုအခြေအနေအပေါ်မူတည်၍ အခွင့်အရေးရသည်နှင့် Camp 2 နှင့် Camp 3 တို့ကို တက်ရောက်ရာ အောင်မြင်ခဲ့ကြောင်းနှင့် များမကြာမီတွင် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ တက်ရောက်၍ နိုင်ငံ့အလံကို အောင်မြင်စွာ စိုက်ထူနိုင်ရေးကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**သတင်း- မင်းခေတ်**
**ဓာတ်ပုံ- ဒိုးလုံး**

---

# ရွှေ့ပြောင်းနေထိုင်သူများအား ပုံစံ ၆၆/၆ နှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးမည့် စီမံချက်ဆောင်ရွက်

**လှိုင်ကော် မေ ၈**

ကယားပြည်နယ် လွိုင်ကော်မြို့အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ယနေ့နံနက် ၉ နာရီက ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က ပြည်နယ်အတွင်း လွိုင်ကော်ခရိုင်၊ ဘော်လခဲခရိုင်များရှိ မြို့နယ်များမှ ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ နှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုးကို ရက်ပေါင်း ၁၀၀ အတွင်း ထုတ်ပေးဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရေး လွယ်ကူလျင်မြန်စေမည့် လုပ်ထုံးလုပ်နည်း၊ ဥပဒေများ ဖွဲ့စည်းတာဝန်ပေးအပ်ရမည့် နည်းစနစ်များကို ခရိုင်မှူး၊ မြို့နယ်မှူးတို့ နှင့်တွေ့ဆုံ၍ အသေးစိတ်ညှိနှိုင်းဆွေးနွေးသည်။

ရက် ၁၀၀ စီမံချက်ကို ဇူလိုင် ၃၁ ရက်ထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခရိုင်မှူး၊ မြို့နယ်မှူးတို့က လုပ်ငန်းစီမံချက်များ ကွင်းဆင်းဆောင်ရွက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ပြန်လည်မေးမြန်းညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

---

■ *ရှေ့စာမျက်နှာမှ*

အဆိုကို ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က မေ ၅ ရက်တွင် ပြုလုပ်သည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်သို့ တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူခဲ့ပြီး ဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က "အခု ပြုပြင်နေတဲ့ မုန်းချောင်းရေလှောင်တမံနဲ့ ကြီးအုံကြီးဝ ရေလှောင်တမံ၊ ရာဇဂြိုဟ်ရေလှောင်တမံနဲ့ မန်းချောင်းရေလှောင်တမံ လေးခုရှိပါတယ်။ ဒါတွေနဲ့ပတ်သတ်ပြီး ဇူလိုင်လဆိုရင် အားလုံးပြီးစီးသွားမှာပါ။ အဲ့ဒီအတွက် ကျွန်တော် အာမခံနိုင်ပါတယ်။ ရေကြီးနှစ်မြုပ်မှုအတွက်ဆိုရင် ကျွန်တော်တို့ ဆည်မြောင်းဦးစီးဌာနမှာ ယခင်ကတည်းက အဖွဲ့တွေရှိပါတယ်။ အဲ့ဒီအဖွဲ့တွေနဲ့ ရေကြီးနစ်မြုပ်မှုအတွက် ဘာတွေ ဆောင်ရွက်သင့်တယ်ဆိုတာကို ကျွန်တော်တို့ ကြိုတင်လုပ်ဆောင်နေပါတယ်" ဟု မေ ၈ ရက်က ရန်ကုန်မြို့ ဆည်မြောင်းဝန်ထမ်းဟောင်းများ အသင်း၌ ပြုလုပ်သည့်ပွဲတွင် သတင်းမီဒီယာများအား ဖြေကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် ဇူလိုင်လလယ်ခန့်တွင် မြန်မာနိုင်ငံအထက်ပိုင်း၌ မိုးရေချိန်စံချိန်သစ်များဖြင့် ထူးကဲမိုး ရွာသွန်းခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း(ကိုမန်)၏ အရှိန်ကြောင့် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့ကာ မြန်မာနိုင်ငံတွင် ဆိုးရွားသော ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေကြီးရေလျှံမှုများကြောင့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့ မြောက်ဘက် ၂ မိုင်ခန့်အကွာတွင် တည်ရှိသည့် မုန်းချောင်းရေလှောင်တမံ၊ ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝတမံနှင့် ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံတို့သည် ကန်ရေပြည့်သိုလှောင်နိုင်သော ပမာဏထက် ကျော်လွန်ကာ ရေကျော်စီးနှုန်းထက် ပိုမိုများပြားစွာ ရေကျော်ကျသဖြင့် ရေပိုလွှဲ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ တမံနှစ်ခုအား လာမည့် မိုးရာသီတွင် စိတ်ချရသည့်အခြေအနေ ရရှိစေရန် ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိနေသည်။ လက်ရှိအချိန်တွင် မုန်းချောင်းရေလှောင်တမံသည် လုပ်ငန်းတစ်ခုလုံး၏ ၁၅ ရာခိုင်နှုန်း၊ ကြီးအုံကြီးဝတမံသည် လုပ်ငန်းတစ်ခုလုံး၏ ၁၈ ရာခိုင်နှုန်းနှင့် မန်းချောင်းတမံသည် လုပ်ငန်းတစ်ခုလုံး၏ ၁၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံမှ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးမှုဖြစ်စဉ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံသည်လည်း ရေလှောင်တမံအတွင်း သစ်တုံး၊ အမှိုက်နှင့် နုန်းများ ဝင်ရောက်ခြင်း၊ ရေပိုလွှဲတွင် ရေကျော်ကျခြင်းနှင့် အမှိုက်များ ပိတ်ဆို့ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

မိုးရာသီ ကြိုတင်ပြင်ဆင်မှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ရေလှောင်တမံအထက်နှင့် ချင်းပြည်နယ်ရှိ မြေပြိုဆည် အောက်ဖက်တွင် ကျောက်ဖြစ်ဆည်အမျိုးအစား နုန်းဖမ်းဆည်များ တည်ဆောက်သွားမည်ဖြစ်ပြီး ယခုနှစ်မိုးဦးကာလတွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

"နုန်းဖမ်းဆည်ရဲ့သဘောသဘာဝက တစ်နှစ်ကုန်ပြီးသွားရင် ဆည်ထဲဝင်လာတဲ့နုန်းတွေကို နှစ်စဉ်ဖယ်ရှားပေးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်လခွဲအတွင်းမှာ နုန်းဖမ်းဆည်သုံးခုစလုံး ပြီးစီးအောင် ဆောင်ရွက်သွားမှာပါ။ လမ်းဖောက်တာ၊ ပစ္စည်းပို့တာနဲ့ ကျန်တဲ့ ဒီဇိုင်းတွက်ချက်တဲ့ အလုပ်တွေကို စီမံပြီးနေပါပြီ"ဟု ဦးကျော်မြင့်လှိုင်က ပြောသည်။

ချင်းပြည်နယ်တွင် ယမန်နှစ်က မိုးသည်းထန်စွာရွာပြီး မြေပြိုမှု၊ တောင်ပြိုမှုနှင့် ရေတိုက်စားမှုများ အကျိုးဆက်ကြောင့် ရာဇဂြိုဟ်ရေလှောင်တမံအထက်ပိုင်း ချင်းပြည်နယ်တွင် သဘာဝအလျောက် မြေပြိုဆည်များ ပေါ်ပေါက်ခဲ့သည်။ အဆိုပါ မြေပြိုဆည်၏အန္တရာယ်မှ ကာကွယ်ရန်အတွက် မြေပြိုဆည်၏ အောက်ဘက် ရာဇဂြိုဟ်ဆည်တမံနှင့် မြေပြိုဆည်အကြား နေရာ္ဌရာမြစ်ပေါ်တွင် နုန်းဖမ်းဆည်သုံးခုတည်ဆောက်ရန် ဧပြီလ တတိယပတ်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၏ ကလေးမြို့ ခရီးစဉ်တွင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေရရှိရေး၊ ရေဘေးအန္တရာယ်ကာကွယ်ရေး၊ ရေအားလျှပ်စစ်ထုတ်ယူရေးနှင့် သောက်သုံးရေရရှိရေးအတွက် တည်ဆောက်ထားသည့် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်နှင့် ရေတံခါး စုစုပေါင်း ၅၈၁ ခု ရှိသည်။

---

❀ *ကျောဖုံးမှ*

ဒုတိယဂိုးကို အန်ဒီကင်းက ၃၃ မိနစ်တွင် သွင်းယူခဲ့ပြီး ၆၅ မိနစ်တွင် ဂျိမ်းဗာဒီက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ၇၇ မိနစ်တွင် ဂျိန်းဗာဒီ ပယ်နယ်တီလွဲချော်ခဲ့သောကြောင့် လက်စတာတို့ တစ်ဂိုးနစ်နာခဲ့ရသည်။ အဲဗာတန်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ၈၈ မိနစ်တွင် ဂတ်ဆင် ဖန်တီးပေးလိုက်သော ဘောလုံးကို မီယာလက်က သွင်းယူခဲ့သည်။ လက်စတာတို့ပွဲပြီးချိန်တွင် သုံးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ယူခဲ့သည်။

လက်စတာတို့ ပွဲစဉ် (၃၇)အပြီးတွင် ရမှတ် ၈၀ ဖြင့် ဒုတိယနေရာမှ စပါးအသင်းကို ၁၀ မှတ်တိတိ အမှတ်ဖြတ်ထားသည်။ လက်စတာအသင်းအတွက် ဖလားရယူပေးသော နည်းပြ ရာနီရေရီက "နောက်ရာသီမှာ အရာရာက ကွဲပြားခြားနားပြီး ပိုမိုကောင်းမွန်လာမယ်ဆိုတာ ကျွန်တော်တို့ သိပြီး သားပါ။ ပရိသတ်တွေအနေနဲ့ အိပ်မက်တွေ ဆက်မက်ကြပါ"ဟု ပြောသည်။

ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့သည့် လက်စတာအသင်းသည် လာမည့်ရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ စတင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ လက်စတာအသင်း၏ အဓိက ကစားသမားများဖြစ်သော ပီအက်ဖ်အေ၏ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုရှင် မာရက်ဇ်၊ ကွင်းလယ်လူ ကန်တီတို့ကို အခြားဥရောပအသင်းကြီးများက အလိုရှိနေကြကြောင်း ပြောဆိုမှုများ ရှိနေသည်။

ပရီမီယာလိဂ်ပွဲစဉ် (၃၈) လက်ကျန်ပွဲများကို မေ ၈ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားရာ စပါးက အိမ်ကွင်း၌ ဆောက်သမ်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး လီဗာပူးက ဝက်ဖို့ဒ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆင့်(၃)မှ အာဆင်နယ်နှင့် အဆင့်(၄)မှ မန်စီးတီးတို့ ယှဉ်ပြိုင်သည့်ပွဲတွင် နှစ်ဂိုးစီ သရေကျခဲ့သည်။ မန်စီးတီး နှင့် အာဆင်နယ်တို့ပွဲတွင် မန်စီးတီးက အနိုင်ရမှသာ ချန်ပီယံလိဂ်ဝင်ခွင့် အဆင့်(၄) နေရာအတွက် သေချာမည်ဖြစ်ရာ အာဆင်နယ်ကို အနိုင်ရရှိရေး တိုက်စစ်ဖွင့်ကစားခဲ့သည်။

မန်စီးတီးအတွက် အဖွင့်ဂိုးကို ပွဲချိန် ရှစ်မိနစ်တွင် တိုက်စစ်မှူး အဂူရိုက သွင်းယူပေးပြီး ယင်းဂိုးသွင်းပြီး မကြာမီပွဲချိန် ၁၀ မိနစ်တွင် အာဆင်နယ်တိုက်စစ်မှူး ဂျီရုဒ်က ချေပဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းအပြီးတွင် တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ရရှိရေး အပြန်အလှန်ကစားခဲ့ပြီး ပွဲချိန် ၅၁ မိနစ်တွင် ဒီဘရိုင်းက မန်စီးတီးအတွက် ဒုတိယဂိုးသွင်းယူပေးသည်။ အာဆင်နယ်တို့ကလည်း ချေပဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့ရာ ၆၈ မိနစ်တွင် ဆန်းချက်ဇ်က ဒုတိယချေပဂိုးသွင်းယူခဲ့သည်။ ပွဲပြီးသည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်ခဲ့ဘဲ နှစ်ဂိုးစီ သရေဖြင့် တစ်မှတ်စီ ခွဲယူခဲ့ကြသည်။

ပွဲစဉ် (၃၇) အပြီးတွင် စပါးက အမှတ်၇၀ ဖြင့် အဆင့်(၂)၊ အာဆင်နယ်က ၆၈ မှတ်ဖြင့် အဆင့်(၃)၊ မန်စီးတီးက ၆၅ မှတ်ဖြင့် အဆင့်(၄)၊ မန်ယူက ၃၆ ပွဲကစား ၆၃ မှတ်ဖြင့် အဆင့်(၅)၊ ဆောက်သမ်တန်က ရမှတ် ၆၀ ဖြင့် အဆင့်(၆)တို့၌ ရပ်တည်နေသည်။

**သီဟ**

---

### အီတလီစီးရီးအေ ပွဲစဉ် (၃၇) အနိုင်/အရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ရိုးမား | ၃ | - | ၀ | ချီယေဗို |
| ဆမ်ဒိုးရီးယား | ၀ | - | ၃ | ဂျီနိုအာ |
| ကာပီ | ၁ | - | ၃ | လာဇီယို |
| ဖီအိုရင်တီးနား | ၀ | - | ၀ | ပါလာမို |
| ဖရိုဆီနိုနီ | ၀ | - | ၁ | ဆက်ဆူအူလို |
| အတ္တလန္တာ | ၁ | - | ၁ | အူဒီးနိစ် |

### စပိန်လာလီဂါ ပွဲစဉ် (၃၇) အနိုင်/အရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၂ | - | ၁ | ဗယ်လက်ကာနို |
| ရီးရဲမက်ဒရစ် | ၃ | - | ၂ | ဗလင်စီယာ |
| ဗီလာရီးရဲ | ၀ | - | ၂ | ဒီပို့တီဗို |
| ဂီတာဖေး | ၁ | - | ၁ | ဂီဂျွန် |
| အီဘာ | ၁ | - | ၁ | ရီးရဲဘက်တစ် |
| ဘာစီလိုနာ | ၅ | - | ၀ | အက်စ်ပန်ညို |
| ဆီဗီလာ | ၁ | - | ၄ | ဂရန်နာဒါ |
| လာပါးမက်စ် | ၀ | - | ၀ | ဘီလ်ဘာအို |
| ဆယ်တာဗီဂို | ၁ | - | ၀ | မာလာဂါ |
| လီဗန်တေး | ၂ | - | ၁ | အက်သလက် |

# ဖားကန့်၌ ဗုံးများပေါက်ကွဲအပြီး ပုံမှန်အခြေအနေအတိုင်း တည်ငြိမ်လျက်ရှိ

**နေပြည်တော် မေ ၈**

ကမ္ဘာကျော် ကျောက်စိမ်းများထွက်ရှိရာ ကချင်ပြည်နယ် ဖားကန့်ကျောက်စိမ်းတွင်းဒေသတွင် မေ ၈ ရက် နံနက် ၇ နာရီကျော်ကစပြီး ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားရာ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

နံနက် ၇ နာရီခန့်တွင် ဆိုင်းတောင်စခန်းအနီး လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့၍ အမျိုးသမီးတစ်ဦး ပေါင်ရင်း၌ ဗုံးစထိမှန်ခဲ့ပြီး မွန်းလွဲ ၂ နာရီမှ ည ၇ နာရီအတွင်း ဆိုင်းတောင်မော်ရှန်ရပ်ကွက်တွင် ဗုံးလေးလုံး ဆက်လက်ပေါက်ကွဲခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ညနေ ၄ နာရီခန့်တွင်လည်း ဖားကန့်မြို့နှင့် မရိုကထောင်ရပ်ကွက်ကို ဆက်သွယ်ထားသည့် ဥရုရတနာတံတားအနီးရှိ လုံခြုံရေးရဲကင်းအနီးတွင်လည်း ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူထိခိုက်မှုမရှိသော်လည်း ရပ်ထားသော မီးသတ်ကား မှန်ကွဲသွားကြောင်း သိရသည်။

လုံးခင်းကျေးရွာ ကျောက်ဝိုင်းအနီးတွင် ည ၇ နာရီခန့်က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ ထိခိုက်ဒဏ်ရာရသူမရှိကြောင်း သိရသည်။

ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်နေခြင်းကြောင့် ညနေ ၆ နာရီခန့်တွင် ဖားကန့်နှင့် ဆိုင်းတောင်သွားလမ်းမကြီးကို လုံခြုံရေးတပ်ဖွဲ့များက ပိတ်လိုက်ပြီး လုံခြုံရေးတိုးမြှင့်ထားသကဲ့သို့ ဖားကန့်မြို့အတွင်း၌လည်း နေရာအနှံ့ လုံခြုံရေးတပ်ဖွဲ့များ ဖြန့်ထားကြောင်း ဒေသခံများက ပြောသည်။

အထူးသဖြင့် ဒေသတွင်း တိုက်ပွဲများပြန်ဖြစ်လာပြီး အရှိန်မြင့်လာမည်ကို ဒေသခံများက စိုးရိမ်နေကြသည်ဟု ဒေသခံတစ်ဦးက ဆိုသည်။

**စိုးနိုင်ဦး(ဖားကန့်)**



ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာတစ်ခုကို တွေ့ရစဉ် ဓာတ်ပုံ-ဇော်မိုးထက်



**ဧပြီလအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် သလူချောင်းကျေးရွာ၊ ပညာဝကျေးရွာနှင့် ငစရိုင့်ကိုင်းကျေးရွာများသို့ ခေတ္တတိမ်းရှောင်လာကြသော ရစိုးချောင်း၊ ပညာကြီး၊ ဩရမ၊ ဒပြုချောင်းနှင့် မောင်နှစ်မကျေးရွာများမှ အိမ်ထောင်စု ၆၇ စု၊ အမျိုးသား ၁၉၂ ဦး၊ အမျိုးသမီး ၁၈၇ ဦး စုစုပေါင်း ၃၇၉ ဦးတို့အား ပြည်နယ်အစိုးရက ပေးပို့လှူဒါန်းသော နှစ်ဆယ့်နှစ်သိန်း ခုနစ်သောင်းခုနစ်ရာ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ငါးပိ၊ ဒန်အိုးဒန်ခွက်များကို မြို့နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးမျိုးသိန်းဇော်နှင့်အဖွဲ့ မေ ၇ ရက်က ထောက်ပံ့ပေးအပ်စဉ်**

(ခရိုင် ပြန်/ဆက်)

*** ကျောဖုံးမှ**

"အခုက မီးဝါပြရင်တောင် ကားတွေကမရပ်တော့ဘူး။ အကျင့်လိုဖြစ်နေပြီ။နေ့တိုင်း ယာဉ်တိုက်မှုတွေ မြင်နေ၊ ကြားနေရတယ်။ ယာဉ်တွေ စည်းကမ်းမဲ့ရပ်ကြလို့ ယာဉ်ကြောတွေလည်း မကျပ်သင့်ပဲ ကျပ်နေရတယ်။ ဒီလိုနည်းနဲ့ စည်းကမ်းမလိုက်နာတဲ့ ယာဉ်တွေကို တင်းကျပ်လိုက်မယ်ဆိုရင် ကောင်းပါတယ်" ဟု ရန်ကုန်မြို့တွင်းသို့ နေ့စဉ်သွားလာနေရသူ ဒဂုံမြို့သစ်မြောက်ပိုင်းမှ ကိုမိုးသူဟိန်းက ပြောသည်။

ယခုကဲ့သို့ တပ်ဆင်ခြင်းဖြင့် ပြည်သူများ လမ်းစည်းကမ်းပိုမိုလိုက်နာလာနိုင်မည်ဖြစ်ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေးတွင်လည်း အထောက်အကူရလာမည်ဖြစ်သည်။

"အဓိက က မျက်ကွယ်မှာစည်းကမ်းဖောက်ကြတာများတယ်။ ဒီလိုတပ်ဆင်ခြင်းအားဖြင့် ယာဉ်ထိန်းမရှိတဲ့နေရာတွေမှာ ပြည်သူတွေ အလိုလိုစည်းကမ်းလိုက်နာလာမှာဖြစ်တယ်" ဟု အမှတ်(၂)ယာဉ်ထိန်း ရဲတပ်ဖွဲ့ခွဲမှူးရုံး ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။

ထိန်းချုပ်ရေးစင်တာတွင် ၂၀၁၅ မော်တော်ယာဉ်ဥပဒေပါပြစ်မှု ပြစ်ဒဏ်များကို ဆော့ဖ်ဝဲဖြင့်ထည့်သွင်းထားမည်ဖြစ်ပြီး စည်းကမ်းဖောက်ဖျက်သည့် ယာဉ်များကို CCTV များမှတစ်ဆင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ မော်တော်ယာဉ်ဥပဒေပုဒ်မများအရ အနိမ့်ဆုံးပြစ်ဒဏ် သုံးသောင်းထက်မပိုသော ငွေဒဏ်မှ ငွေကျပ်သုံးသိန်းအထိ အရေးယူဆောင်ရွက်နိုင်ကြောင်း သိရသည်။

# သထုံမြို့၌ ဒီမိုကရေစီ၊ ဖက်ဒရယ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာများ အလုပ်ရုံဆွေးနွေး

**သထုံ မေ ၈**

ရန်ကုန်မြို့အခြေစိုက် တိုင်းရင်းသားလူမျိုးရေးရာဖွံ့ဖြိုးရေးနှင့် သုတေသနအသင်း (CDES) နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) တို့ပူးပေါင်းကာ မွန်ပြည်နယ် သထုံမြို့ရှိ Two Lake Hotel & Resort ၌ ဒီမိုကရေစီ၊ ဖက်ဒရယ်နှင့် ငြိမ်းချမ်းရေးအလုပ်ရုံဆွေးနွေးပွဲကို မေ ၈ ရက်မှ ၁၀ ရက်အထိ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဖက်ဒရယ်စနစ် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ်တို့မှာ တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်စပ်မှုရှိသည့်အတွက် တိုင်းရင်းသားအများစုလိုလားသော ဖက်ဒရယ်စနစ်ကို မတည်ဆောက်နိုင်ပါက ငြိမ်းချမ်းရေးအစစ်အမှန်မရနိုင်သည့်အပြင် စစ်မှန်သော ဒီမိုကရေစီစနစ်လည်းရနိုင်မည်မဟုတ်သည်ကို သိရှိစေလိုသည့်အတွက် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ဦးဆောင်ပြုလုပ်သူများက ရှင်းလင်းပြောကြားသည်။

"ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်တဲ့နေရာမှာ အထောက်အကူဖြစ်စေဖို့ရယ် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တွေကို ဒီမှာရှိတဲ့ တိုင်းရင်းသားလူငယ်တွေသိစေဖို့ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ပေးရတာပါ" ဟု တိုင်းရင်းသားလူမျိုးရေးရာဖွံ့ဖြိုးရေးနှင့် သုတေသနအသင်းမှ သုတေသနဒါရိုက်တာက ပြောသည်။

ဆွေးနွေးပွဲတွင် ဒီမိုကရေစီနှင့် မြန်မာ့အရေး၊ ဖက်ဒရယ်လှုပ်ရှားမှုသမိုင်း တိုင်းရင်းသားအများစုလိုလားသော ဖက်ဒရယ်ပြည်ထောင်စုစနစ်၊ ဖက်ဒရယ်စနစ်နှင့် အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံအရေးများအကြောင်းတို့ကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပအိုဝ်းလူငယ်အဖွဲ့အစည်းများနှင့် အခြားတိုင်းရင်းသားနှင့် လူငယ်များ စုစုပေါင်း ၅၀ တို့က တက်ရောက်ဆွေးနွေးသွားကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# အင်းစိန်မီးရထားစက်ခေါင်းစက်ရုံအတွင်း လျှပ်စစ်မီးခုံအပူလွန်ကဲရာမှ ကော်စေ့စက်ရုံမီးလောင်

**ရန်ကုန် မေ ၈**

အင်းစိန်မြို့နယ် မီးရထားစက်ခေါင်းစက်ရုံပိုင်ဝင်းအတွင်း မေ ၈ ရက် နံနက် ၃ နာရီခွဲခန့်ကစတင်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက် မီးရထားစက်ခေါင်းစက်ရုံပိုင်ဝင်းအတွင်းရှိ ဦးနေဝင်း၏ ကိုနေဝင်းကော်စေ့စက်ရုံမီးလောင်နေကြောင်း ပြည်သူတစ်ဦး၏ဖုန်းဖြင့် အကြောင်းကြားမှုကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က နံနက် ၃ နာရီ မိနစ် ၄၀တွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ အုပ်ချုပ်မှုယာဉ် ခုနစ်စီးတို့နှင့်အတူ မီးငြိမ်းသတ်ရေးယာဉ် ၃၇ စီး၊ ရေသယ်ယာဉ် ၁၀ စီးတို့ ရောက်ရှိပြီး ကြက်ခြေနီတပ်ဖွဲ့ ယာဉ်ခုနစ်စီးအပါအဝင် အထောက်အကူပြုယာဉ် ၁၀ စီးတို့က အကူအညီပေးရန်ရောက်ရှိခဲ့ကြောင်း သိရသည်။

မီးသတ်တပ်ဖွဲ့ဝင်အရာရှိတစ်ဦးက "မီးငြိမ်းသတ်ဖို့အတွက် မီးသတ်ကားစေလွှတ်မှုက Level 3 ရှိပါတယ်"ဟု ပြောသည်။

ပလတ်စတစ်အိတ်ခွံများ၊ ကော်စေ့များကြောင့် မီးလောင်အားအရှိန်မြင့်ခဲ့ပြီး တစ်နာရီခန့် ငြိမ်းသတ်ပေးခဲ့ရကြောင်း သိရသည်။ လောင်အားကောင်းခဲ့သော မီးအားကို နံနက် ၄ နာရီ ၁၅ မိနစ်တွင် ထိန်းပေးနိုင်ခဲ့ပြီး နံနက် ၄ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးကြွင်းမီးကျန်များကို နယ်မြေခံ မီးသတ်တပ်ဖွဲ့ဝင်များက ဆက်လက်ငြိမ်းသတ်ပေးခဲ့သည်။

မီးလောင်ရခြင်း အကြောင်းရင်းမှာ ကော်စေ့စက်ရုံသို့ သွယ်တန်းထားသော လျှပ်စစ်မီးခုံအပူလွန်ကဲပြီး ဝိုင်ယာကြိုးမှတစ်ဆင့် အနီးရှိ ကော်စေ့များပေါ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့အရာရှိတစ်ဦးက ပြောသည်။

မီးလောင်မှုကြောင့် အကျယ်အဝန်း (၂၅×၅၀) ပေ ကော်စေ့စက်ရုံနှင့်အတွင်း ပစ္စည်းများ ကုန်ကြမ်းများအကျယ် (၄၀×၆၀) ပေ ပလတ်စတစ်စက်ရုံအပါအဝင် အတွင်းပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်မှုကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၏ ကြီးကြပ်မှုဖြင့် သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀၀ ကျော်တို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ပြီး ကြက်ခြေနီ ၃၀၀ ကျော်နှင့်အတူ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းကူညီခဲ့ကြသည်။

မီးပေါ်ဆစွာ သုံးစွဲသူ ပိုင်ရှင် ဦးနေဝင်း (၅၅ နှစ်)ကို အင်းစိန်မြို့မရဲစခန်းကအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့**



မီးရထားစက်ခေါင်းစက်ရုံအတွင်း မီးလောင်မှုဖြစ်ပွားရာနေရာ၌ မီးသတ်တပ်ဖွဲ့များ မီးငြိမ်းသတ်စဉ်

# အီရန်စစ်ဘက်အကြံပေး ၁၃ ဦး ဆီးရီးယားတွင် သေဆုံး



**တီဟီရန် မေ ၈**

မကြာသေးမီက ဖြစ်ပွားသော ဆီးရီးယားပဋိပက္ခများအတွင်း အီရန်နိုင်ငံသား စစ်ဘက်အကြံပေး ၁၃ ဦးသည် သေဆုံးသွားကြောင်း အီရန်တပ်မတော်က စနေနေ့တွင် ပြောကြားသည်။

ဆီးရီးယားပဋိပက္ခအတွင်း အခြား ၂၁ ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း အီရန်တပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။ ယင်းတို့သည် ဆီးရီးယား အလက်ပိုပြည်နယ်တောင်ဘက် ခမ်းထူမန်းမြို့၌ ဒဏ်ရာရသေဆုံးခဲ့ခြင်းဖြစ်သည်။

အလက်ပိုမြို့သည် ဆီးရီးယားနိုင်ငံ၏ စီးပွားရေးအရ ဒုတိယအကြီးဆုံး မြို့ကြီးဖြစ်သည်။ မြို့အနောက်ပိုင်းတွင် အစိုးရတပ်များ ထိန်းချုပ်ထားပြီး အရှေ့ဘက်တွင် သူပုန်များက ထိန်းချုပ်ထားသည်။ အီရန်နိုင်ငံသည် စစ်သွေးကြွအုပ်စုများကို တိုက်ခိုက်ရာတွင် ဆီးရီးယား အစိုးရတပ်များအား အဓိကကူညီထောက်ပံ့ပေးနေသော နိုင်ငံဖြစ်သည်။ အီရန်က ဆီးရီးယားတွင် ၎င်း၏ စစ်ဘက်အကြံပေးတပ်ဖွဲ့ဝင်များ စေလွှတ်ထားသည်။

**(ဆင်ဟွာ)**

# ဆီးရီးယား၌ ပြန်ပေးဆွဲခံရသော စပိန်ဂျာနယ်လစ်သုံးဦး ပြန်လည်လွတ်မြောက်

**ဒမတ်စကတ် မေ ၈**

ပြီးခဲ့သည့်နှစ်က ဆီးရီးယား၌ ပြန်ပေးဆွဲခံရသည်ဟု ယူဆရသော စပိန်ဂျာနယ်လစ်သုံးဦး ပြန်လည်လွတ်မြောက်လာကြောင်း မေ ၇ ရက်တွင် စပိန်အစိုးရကပြောခဲ့သည်။

ယင်းဂျာနယ်လစ်သုံးဦးမှာ အလက်ပိုမြောက်ပိုင်းတွင် စုံစမ်းရေး အစီရင်ခံစာတစ်စောင်ပြုလုပ်နေစဉ် ပြီးခဲ့သောဇူလိုင်လအတွင်းက ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း စပိန်မီဒီယာတစ်ခုက ဖော်ပြခဲ့သည်။ သို့သော်လည်း မည်ကဲ့သို့လွတ်မြောက်လာသည်ကို အသေးစိတ်မသိရ သေးပေ။

ဆီးရီးယားရှိ စပိန်အကျဉ်းသားသုံးဦးပြန်လည်လွတ်မြောက်အောင် ကူညီရာတွင် ကြိုးစားပေးခဲ့သော ကာတာနိုင်ငံအား ကျေးဇူးအထူးတင်ရှိကြောင်းကို စပိန်နိုင်ငံခြားရေးဝန်ကြီးက ဆူလ်တန်နိုင်ငံခြားရေးဝန်ကြီးအား ဖုန်းဖြင့်ပြောကြားခဲ့သည်။

ကုလသမဂ္ဂနှင့် အမေရိကန်တို့က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသော အယ်လ်ခိုင်ဒါအဖွဲ့၏ လက်ရုံးတစ်ဆူဖြစ်သည့် နျူဆရာတပ်ဦးတွင် ဖမ်းဆီးထားကြောင်း စပိန်မီဒီယာများက ပြောခဲ့သည်။

ဆီးရီးယားရှိ နျူဆရာ တပ်ဦးတွင် ဖမ်းဆီးထားသော နိုင်ငံခြားသားစာခံများကို ပြန်လည်လွတ်မြောက်အောင် ကာတာနိုင်ငံက ကူညီပေးခဲ့သည်။ လွန်ခဲ့သောနှစ် ဇူလိုင် ၁၀ ရက်က တူရကီမှ ဆီးရီးယားနိုင်ငံသို့ ဝင်ရောက်ခဲ့သော ဂျာနယ်လစ်သုံးဦးမှာ ခဏအတွင်းပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း စပိန်သတင်းစာအဖွဲ့အစည်းဖြစ်သည့် FAPE က ပြီးခဲ့သောနှစ်က ပြောခဲ့သည်။

**(ရိုက်တာ)**

# အမေရိကန်လူ့အခွင့်အရေးအဖွဲ့များ ဗီယက်နမ်သို့သွားရောက်မည်

**ဝါရှင်တန် မေ ၈**

လူ့အခွင့်အရေးသံတမန်အဆင့်မြင့်အရာရှိ တစ်ဦးဖြစ်သူ တွန်မာလီနော့်စကီးသည် လာမည့်သီတင်းပတ်တွင် ဗီယက်နမ်သို့ အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ပြီး လူ့အခွင့်အရေးဆိုင်ရာ အလားအလာကောင်းများတိုးတက်မှုရှိရန် တိုက်တွန်းဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။ ဒီမိုကရေစီလူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာကိစ္စများအတွက် မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် အဆိုပါ သံအမတ်သွားရောက်ခြင်းသည် ယခုလကုန်ပိုင်း၌ သမ္မတအိုဘားမား အလည်အပတ်ခရီးလာရောက်မည့် ရှေ့ပြေးအကြိုခရီးစဉ်လည်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် ဘီလ်ကလင်တန်လက်ထက်မှစ၍ တတိယမြောက် သမ္မတ၏ အာဆီယံနိုင်ငံများသို့ ခရီးများလာရောက်ခြင်းလည်းဖြစ်သည်။

ထို့အပြင် ဗီယက်နမ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်ပြီး နိုင်ငံတကာလူ့ အခွင့်အရေးကိစ္စများနှင့်မကိုက်ညီသည့် နိုင်ငံရေးအကျဉ်းသားများ ဖြေလွှတ်ပေးမည့်ကိစ္စရပ်များကို သံအရာရှိ၏ခရီးစဉ်အတွင်း တိုက်တွန်းဆွေးနွေးသွားဖွယ်ရှိသည်။ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာသူများ၏ မှတ်တမ်းများအရ ဗီယက်နမ်နိုင်ငံသည် မကြာသေးမီနှစ်များက ဘာသာရေးခေါင်းဆောင်များ၊ အစိုးရနှင့်သဘောထားချင်းမတိုက်ဆိုင်သူများကို ထောင်သွင်းအကျဉ်းချထားမှုများရှိခဲ့သည်။ အမေရိကန်-ဗီယက်နမ်နှစ်နိုင်ငံဆက်ဆံရေးသည် ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွင် တိုးတက်လာပြီး ဗီယက်နမ်နိုင်ငံသည် ပစိဖိတ်ဖြတ်ကျော်နိုင်ငံများ ကုန်သွယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်တစ်နိုင်ငံလည်းဖြစ်သည်။ အဆိုပါအဖွဲ့အစည်း ၁၂ နိုင်ငံတွင် ဂျပန်နှင့်သြစတြေးလျနိုင်ငံတို့လည်း ပါဝင်သည်။

**(ရိုက်တာ)**

# အီဂျစ်၌ ရဲကားကို သေနတ်သမားများတိုက်ခိုက်၊ ရှစ်ဦး သေဆုံး

**ကိုင်ရို မေ ၈**

အမည်မသိသေနတ်သမားများက ကိုင်ရိုမြို့တောင်သလာဟီလ်ဝမ်အရပ်၌ ရဲတပ်ဖွဲ့ဝင်ယာဉ်တစ်စီးအားတိုက်ခိုက်ခဲ့ရာ အရာရှိတစ်ဦးအပါအဝင်အရပ်သားဝတ်စုံဝတ်ဆင်ထားသော ရဲတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးသွားကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောသည်။

စက်သေနတ်ကိုင်ဆောင်ထားသော သေနတ်သမားလေးဦးက ပစ်ကပ်ထရပ်ကားကို ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရဲကားမှာရပ်တန့်သွားပြီး ကျည်ဆန်များနှင့်ပြန့်ကြဲသွားကာ အချို့မှာ လူလွတ်ရုန်းထွက်ပြေးကြရကြောင်း အဆိုပါဝန်ကြီးဌာန၏ ဖေ့စ်ဘုတ်ကြေညာချက်တွင် ဖော်ပြသည်။

သေနတ်သမားများသည်မျက်နှာဖုံးစွပ်ထားကြကြောင်း၊ ယင်းတိုက်ခိုက်မှုသည် မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ကိုချက်ချင်းမသိသေးရကြောင်းဒေသခံများကရိုက်တာသို့ ပြောသည်။ အီဂျစ်နိုင်ငံသည် အကြမ်းဖက်မှုများနှင့် ရင်ဆိုင်နေရသောနိုင်ငံဖြစ်သည်။ အထူးသဖြင့် ၂၀၁၃ ခုနှစ်နှစ်လယ်မှစတင်ကာ တပ်ဖွဲ့ဝင်နှင့် ရဲတပ်ဖွဲ့ဝင်ရာချီသေဆုံးခဲ့ရသော ဆိုင်းနိုင်းမြောက်ပိုင်းတိုက်ခိုက်မှု အပါအဝင်ဖြစ်သည်။ ခေါင်းဆောင်စီစီသည်ဆန္ဒပြသူများအား ဖြိုခွင်းခဲ့သောသမ္မတ မိုဟာ မက်မော်စီကို ဖြုတ်ချခဲ့သည်။

**(ရိုက်တာ)**

# မြောက်ကိုရီးယားကို အမေရိကန်နှင့်အတူ ဖိအားပေးမည်

**ဆိုးလ် မေ ၈**

တောင်ကိုရီးယားနှင့်အမေရိကန်တို့သည် မြောက်ကိုရီးယားနိုင်ငံအားပိုမိုဖိအားပေးမှုများပြုလုပ်သွားရန် စနေနေ့တွင် သဘောတူလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံက ၃၆ နှစ်တာအတွင်း ပထမဆုံးအကြိမ်ပါတီကွန်ဂရက် ကျင်းပနေချိန် အထက်ပါအတိုင်း သဘောတူလိုက်ခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရန်ဘိုင်ယန်ဆီးက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီထံ စနေနေ့အစောပိုင်းက ဖုန်းဆက်ပြောကြားကာ သဘောတူလိုက်ခြင်းဖြစ်သည်။

ထိုသဘောတူညီချက်ကို တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် အောင်မြင်မှုရှိကြောင်း ခုနစ်ကြိမ်မြောက် အာဏာရပါတီအစည်းအဝေးပြုလုပ်စဉ် သောကြာနေ့တွင် မြောက်ကိုရီးယားခေါင်း ဆောင်ကင်ဂျုံအန်းက ပြောဆိုလိုက်ခြင်းဖြစ်သည်။

တောင်ကိုရီးယားနှင့်အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးသည် ပြုံယမ်း၏ ရန်လိုမှုအပေါ် ဖိအားပေးမှုများပိုမိုပြုလုပ်သွားရန် သဘောတူညီခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**(ဆင်ဟွာ)**




# မက္ကဆီကို မူးယစ်ခေါင်းဆောင် ချာပိုကို အမေရိကန်နယ်စပ်ရှိ ထောင်သို့ပို့ဆောင်

**နယူးယောက် မေ ၈**

မက္ကဆီကိုမူးယစ်ခေါင်းဆောင် အယ်လ်ချာပိုကိုစနေနေ့က မက္ကဆီကိုအလယ်ပိုင်းရှိ ထောင်တစ်ခုမှ အမေရိကန်နယ်စပ်အနီးမြောက်ပိုင်းမြို့တော်ဖြစ်သော ဆိုင်ဒက်ဂျာရက်ရှိ ထောင်တစ်ခုသို့ ရွှေ့ပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်

၎င်းသည် ကမ္ဘာ့အလိုအရှိဆုံးမူးယစ်ဂိုဏ်းခေါင်းဆောင်တစ်ဦးဖြစ်ပြီးဇန်နဝါရီလကဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ချာပိုသည် ချီကာဂိုအပါအဝင်၊ မီယာမီ၊ ဘရွတ်ကလင်းနှင့် မန်ဟက်တန်၊ နယူးယောက်မြို့များ၌ မူးယစ်ဆေးဝါးမှောင်ခိုမှု၊ ငွေကြေးခဝါချမှု၊ ပြန်ပေးဆွဲမှု၊ လူသတ်မှုတို့နှင့် တရားစွဲဆိုခံထားရခြင်းဖြစ်သည်။ ၎င်းကိုစနေနေ့မနက်ပိုင်းတွင် ထောင်ရွှေ့ပြောင်းမည်ဖြစ်ကြောင်း ရှေ့နေဖြစ်သူဂျိုအန်ပါဘလိုက ပြောသည်။

မက္ကဆီကိုသမ္မတပြောရေးဆိုခွင့်ရှိသူ အဒူရာဒိုဆန်ချက်က ချာပို၏ ထောင်ရွှေ့ပြောင်းမှုသည် ယခုလက်ရှိမက္ကဆီကိုအလယ်ပိုင်းရှိအယ်တီပလာနိုထောင်ကို အဆင့်မြှင့်တင်လို၍ဖြစ်ကြောင်း၊ အမေရိကန်နယ်စပ်ဆီသို့ ၎င်းကိုပြည်နှင်ဒဏ်ပေးခြင်း မဟုတ်ကြောင်း ပြောသည်။

မက္ကဆီကိုလုံခြုံရေးထိပ်တန်းအရာရှိတစ်ဦးကမူ ချာပိုကို ဇူလိုင်လမတိုင်ခင် ၎င်းပြစ်မှုကျူးလွန်ရာနိုင်ငံသို့ လွှဲပြောင်းပို့ဆောင်ပေးသင့်ကြောင်း အစောပိုင်းကတည်းက အမေရိကန်ရှိ မာရီယွန်နှင့် အီလီနွိုက်စ်ပြည်နယ်တို့ရှိ အကျဉ်းထောင်များတွင် ထားရှိသင့်ကြောင်း ပြောခဲ့သည်။

**(ရိုက်တာ)**

# ရာသီဥတုပြောင်းလဲမှုကြောင့် အပူလှိုင်းဖြတ်ခြင်းသည် လူသားမျိုးနွယ်အား အသက်အန္တရာယ်ခြိမ်းခြောက်လျက်ရှိ

**ကေသွယ်**



**ကမ္ဘာနှင့်တစ်ဝန်းဖြစ်ပေါ်နေသော ရာသီဥတုပြောင်းလဲမှုများ၏ အကျိုးဆက်အဖြစ် အမေရိကန်နိုင်ငံတွင် လာမည့်ဆယ်စုနှစ်များအတွင်း အပူလှိုင်းများဖြတ်ခြင်းကြောင့် နှလုံးရောဂါ၊ အဆုတ်ရောဂါအပါအဝင် ဦးနှောက် ထိခိုက်ခြင်းအစရှိသည့် ရောဂါဘယများဖြစ်ပွားကာ အသက်သေဆုံးကြမည်ဖြစ်သည့်အပြင် လူဦးရေတိုးပွားမှုကိုလည်း လျော့ကျလာစေမည်ဟု သုတေသီများက ဆိုထားသည်။**

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာတတ်သော ဟာရီကိန်းမုန်တိုင်းနှင့် ရေလွှမ်းခြင်းများကြောင့်လည်း လူသားတို့တွင်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးရခြင်းများကြောင့် ပူဆွေးကာ စိတ်ပိုင်းဆိုင်ရာရောဂါများလည်း တိုးပွားလာနိုင်ကြောင်း အမေရိကန်မှ လေ့လာချက်များအရ သိရှိရသည်။ မကြာသေးမီနှစ်များကတည်းက အမေရိကန်နိုင်ငံတွင် အပူလှိုင်းဖြတ်ခြင်းကြောင့် နှစ်စဉ်ခန့်မှန်းခြေ လူဦးရေ ၆၇၀ မှ ၁၃၀၀ အထိသေဆုံးလေ့ရှိသည်ဟုလည်း သိရှိရသည်။ လာမည့် ၂၁၀၀ပြည့်နှစ်သို့ ရောက်ရှိချိန်တွင် နှစ်စဉ်အပူလှိုင်းဖြတ်ခြင်းကြောင့် သေဆုံးသူဦးရေ ခန့်မှန်းခြေ ၂၇၀၀၀ ကျော်ထိ မြင့်တက်လာနိုင်မည်ဟု တွက်ချက်ထားသည်ဟုဆိုသည်။ ကွဲပြားခြားနားချက်အနေဖြင့် အလွန်အမင်းအေးသော ရာသီဥတုဖြစ်ပေါ်ခြင်းကြောင့် သေဆုံးမှုဦးရေမှာ လျော့ကျလာနိုင်ဖွယ်ရာရှိသည်ဟုလည်း ခန့်မှန်းထားသည်။

အလွန်အမင်းပူပြင်းသော ရာသီဥတုအကျိုးဆက်အဖြစ် သစ်တောများ တောမီးလောင်စေခြင်းနှင့် လေထုထဲတွင်အမှုန်များပါဝင်လာမှုတိုးခြင်းတို့သည် လေထုညစ်ညမ်းခြင်းဖြစ်ပေါ်ကာ လူသားတို့တွင် ပန်းနာရင်ကျပ်ရောဂါအပါအဝင် အခြားအဆုတ်ရောဂါများ ဖြစ်ပွားစေနိုင်ကြောင်း သိရသည်။ ရာသီဥတုပြောင်းလဲမှုများနှင့် ဆက်စပ်ကာဖြစ်ပေါ်လေ့ရှိသော ဟာရီကိန်းမုန်တိုင်းများ တိုက်ခတ်ခြင်းနှင့် ရေလွှမ်းမိုးခြင်းများ တွေ့ကြုံခံစားကြရကာ လူသားတို့၏ စိတ်ပိုင်းဆိုင်ရာအပေါ်တွင် သဘာဝဘေးအန္တရာယ်များက ခြိမ်းခြောက်နေသည့်အတွက် စိုးရိမ်သောကပူပန်မှုများ ခံစားရခြင်းကြောင့် အထိတ်တလန့် သောကရောက်ခြင်းများသည် လူတို့အတွက် အနေအစားမမှန်ခြင်း၊ စိတ်ကျခြင်းဝေဒနာနှင့် အရာရာအပေါ်တွင် စိတ်တိုခြင်းများ ဖြစ်ပေါ်ခံစားရခြင်းရလဒ်များနှင့် ရင်ဆိုင်ကြုံတွေ့ကြရမည်ဟု ဆိုထားသည်။

ထို့အပြင် မက်ဆာချူးဆက်ပြည်နယ်အခြေစိုက် အမေရိကန်စီးပွားရေးသုတေသနဗျူရိုမှ လေ့လာချက်အရ အမေရိကန်ပြည်ထောင်စု၌ ယမန်နှစ်များဆီကတည်းက ပျမ်းမျှအပူချိန် ၈၀ ဒီဂရီကျော်လွန်လာခဲ့ပြီးနောက် လပေါင်းအနည်းငယ်အတွင်း ကလေးမွေးဖွားနှုန်း ကိန်းဂဏန်းများလည်း ကျဆင်းလာသည်ကို လေ့လာမှုပြုလုပ်ချက်များမှ တွေ့ရှိခဲ့ရကြောင်း ဖော်ပြထားသည်။ ယခုကဲ့သို့ အမေရိကန်ပြည်ထောင်စု၌ ကလေးမွေးဖွားနှုန်း ကျဆင်းလာမှုမှာ ပူနွေးသောရာသီဥတုကြောင့် ကလေးမွေးဖွားခြင်းဆိုင်ရာ ကျန်းမာရေးကို ထိခိုက်ခြင်းမျိုးလည်း ဖြစ်ကောင်းဖြစ်လိမ့်မည်ဟု သုတေသီများဘက်က သုံးသပ်ထားသည်။ သို့ဖြစ်ရာ ယခုရာစုနှစ်ကုန်ပိုင်းလောက် ရောက်ချိန်တွင် အမေရိကန်ပြည်ထောင်စု၌ ကလေးမွေးဖွားနှုန်းမှာ တစ်နှစ်လျှင် ဦးရေတစ်သိန်းမျှသာ မွေးဖွားနိုင်ခြေရှိကောင်း ရှိလာလိမ့်မည်ဟုလည်း သုတေသီများဘက်က ခန့်မှန်းထားသည်ဟု ဆိုထားသည်။

သုတေသီများ၏ လေ့လာတွေ့ရှိချက်များအရ လွန်ခဲ့သော ၁၉၃၁ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တို့ ကြားကာလများတွင် အမေရိကန်ပြည်ထောင်စုတစ်ဝန်းတွင် ပျမ်းမျှအပူချိန်အလိုက်၊ တစ်နှစ်ချင်းစီအလိုက် ကလေးမွေးဖွားနှုန်းမှာ ၁၁၆၅ ဦးအထိ ကျဆင်းခဲ့သည်ဟု ဖော်ပြထားသည်။ ယခုကဲ့သို့ အပူချိန်အကျိုးသက်ရောက်မှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူသားတို့အပေါ်တွင် မည်ကဲ့သို့အကျိုးသက်ရောက်မှုရှိလာနိုင်သည်ကို အတိအကျမသိရှိရသေးကြောင်း နယူးအော်လင်းမြို့ရှိ တူလိန်းစီးပွားရေးတက္ကသိုလ်မှ လေ့လာရေးခေါင်းဆောင် အာလန်ဘာရီကာက ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ ကလေးမွေးဖွားနှုန်းမှာ လွန်ခဲ့သော ဆယ်စုနှစ်များဆီကတည်းက သိသိသာသာကျဆင်းခဲ့ပြီးနောက် ပြီးခဲ့သော ၂၀၁၄ ခုနှစ်က သိသာစွာ ပြန်လည်မြင့်တက်မှုကိုလည်း တွေ့ရှိခဲ့ရကြောင်း အမေရိကန်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ဆိုထားသည်။

အမေရိကန်ပြည်ထောင်စုရှိ ဆယ်ကျော်သက်လူငယ်စုံတွဲများကြားတွင် ကလေးမွေးဖွားနှုန်း ကျဆင်းလာမှုမှာလည်း သမိုင်းဝင်ဖြစ်ခဲ့ကာ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း အမေရိကန်လူမည်းများနှင့် လက်တင်အမေရိက နိုင်ငံသားစုံတွဲများကြား မွေးဖွားနှုန်းကျဆင်းလာမှုမှာ တစ်ဝက်ကျော်ခန့်ရှိကြောင်း ရောဂါထိန်းချုပ်ရေးနှင့် တားဆီးရေးစင်တာ CDC က ပြောကြားထားသည်။ ၂၀၀၆ ခုနှစ်မှစတင်ကာ အမေရိကန် ဆယ်ကျော်သက် စုံတွဲများအားလုံးတွင် အလုပ်လက်မဲ့နှုန်းနှင့် ပညာရည်နိမ့်ပါးမှုတို့၏ အကျိုးသက်ရောက်မှုတို့ကြောင့်လည်း လူမှုစီးပွားရေးတွင် အကျပ်အတည်းဖြစ်ပေါ်တတ်သည့်အတွက် ကလေးမွေးဖွားနှုန်းမှာ ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့သည်ကို တွေ့မြင်ရကြောင်း ဆိုထားသည်။

သို့သော်လည်း အမေရိကန် ဆယ်ကျော်သက်လူငယ်များ ကလေးမွေးဖွားနှုန်း မြင့်မားဆဲဟု အရာရှိများကပြောကြားထားကာ အထူးသဖြင့်လူမျိုးနွယ်စုအနည်းငယ်အတွက် အလုပ်လုပ်ကိုင်နိုင်ရန် လုပ်ငန်းများဖန်တီးပေးနိုင်ရန်အတွက် ပိုမိုလိုအပ်နေသည်ဟု သိရသည်။

နှစ်စဉ်ကောက်ယူခဲ့သော စစ်တမ်းများအရ မွေးဖွားနှုန်း စတင်ကျဆင်းလာသည်ကို ၂၀၀၆ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းတွင် တွေ့ရမည်ဖြစ်ကာ ယမန်နှစ်က ပြုလုပ်ပြီးခဲ့သည့် အချက်အလက်တွင် အသက် ၁၅ နှစ် မှ ၁၉နှစ် ကြားရှိ အမျိုးသမီးငယ်လေးများအတွင်း ကလေးမွေးဖွားနှုန်းမှာ ၂၅၀၀၀၀ နီးပါးရှိသည်ဟု ဖော်ပြထားသည်။

၂၀၁၃ ခုနှစ်က ကလေးမွေးဖွားနှုန်းမှာ အထက်ပါ အသက်အရွယ်အုပ်စု ဆယ်ကျော်သက်အရွယ် မိန်းကလေးဦးရေ တစ်ထောင်လျှင် ၂၄ ဒသမ ၂ ရာခိုင်နှုန်းရှိကာ ၁၉၄၀ ပြည့်နှစ်ကတည်းက မွေးဖွားခဲ့သည့်နှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် တဖြည်းဖြည်း ကျဆင်းလာခဲ့သည်ကို တွေ့ရှိရကြောင်း CDC မှ ပြောကြားခဲ့သည်။

**အလုပ်လက်မဲ့နှုန်းနှင့် ပညာရည်နိမ့်ပါးမှုတို့၏ အကျိုးသက်ရောက်မှုတို့ကြောင့်လည်း လူမှုစီးပွားရေးတွင် အကျပ်အတည်း ဖြစ်ပေါ်တတ်သည့်အတွက် ကလေးမွေးဖွားနှုန်းမှာ ၄၀ ရာခိုင်နှုန်း အထိ ကျဆင်းလာခဲ့**

# တရုတ်နိုင်ငံတောင်ပိုင်း၌ မိုးအဆက်မပြတ်ရွာသွန်း

**ပေကျင်း မေ ၈**

တရုတ်နိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသဌာနက မေ ၇ ရက်တွင် သတိပေးချက် ထုတ်ပြန်ထားသည်။

အမျိုးသားမိုးလေဝသဌာနမှ ဖုကျင့်၊ ချောင်ရှီးပြည်နယ်နှင့် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဘူမိဗေဒဆိုင်ရာ ပြဿနာများကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်ကြောင်း သတိပေးထားပြီး အဆိုပါဒေသရှိ နေထိုင်သူများကို အန္တရာယ်မှလွတ်မြောက်ရေး ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန် တိုက်တွန်းထားကြောင်း သိရသည်။

မေ ၇ ရက်မှ ၈ ရက်အထိ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

**(ဆင်ဟွာ)**



# ကျွန်တော်နဲ့ မသုံးလုံးရင်းနှီးမြှုပ်နှံမှု



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**ရင်းနှီးမြှုပ်နှံမှုမှာ ပုဂ္ဂိုလ်တစ်ဦးချင်းအတွက်လည်းကောင်း၊ အဖွဲ့အစည်းအတွက်လည်းကောင်း၊ နိုင်ငံအတွက်လည်းကောင်း အရေးကြီးလှပါတယ်။ အခြေခံကတော့ ပစ္စုပ္ပန်ကာလမှာ စွန့်လွှတ်ပြီး အနာဂတ်ကာလအတွက် အကျိုးရှိအောင် ရည်ရွယ်ချက်သာဖြစ်ပါတယ်။ ဥပမာအားဖြင့် ပညာသင်ကြားမှုဟာ ပစ္စုပ္ပန်ကာလမှာ ငွေအကုန်အကျခံပြီး အနာဂတ်ကာလဘဝမြှင့်တင်မှုအတွက် အကျိုးကျေးဇူးရလိမ့်မယ်လို့ ရည်ရွယ်ခြင်းသာဖြစ်ပါတယ်။ အခုလိုပဲ စီးပွားရေးလုပ်ငန်းတွေမှာ နည်းပညာအသစ်ကို တီထွင်သုံးစွဲတာဟာလည်း ရင်းနှီးမြှုပ်နှံမှုပဲဖြစ်ပါတယ်။ နိုင်ငံအတွက်တော့ ရင်းနှီးမြှုပ်နှံမှုဟာ စီးပွားရေးတိုးတက်မှုအတွက် အခြေခံသာဖြစ်ပါတယ်။**

ဒီဆောင်းပါးမှာ ကျွန်တော်ကနိုင်ငံအဆင့် ရင်းနှီးမြှုပ်နှံမှုကို ဆွေးနွေးတင်ပြချင်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုလို့ပြောရင် ဇာတ်မြစ်နှစ်မျိုးရှိတယ်။ ပထမအမျိုးအစားက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး ဒုတိယအမျိုးအစားက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်ပါတယ်။ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုပမာဏက နိုင်ငံတော်ရဲ့ စုစုပေါင်းထုတ်ကုန်ပမာဏကိုတိုးမြှင့်စေပါတယ်။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတိုးတက်အောင် နိုင်ငံတော်က ချမှတ်တဲ့စီးပွားရေး ပေါ်လစီတွေက တွန်းအားပေးနိုင်ပါတယ်။ ဒီနေ့ပဲ တရုတ်နိုင်ငံရဲ့ စီးပွားရေးပေါ်လစီအသစ်တစ်ရပ်ကို ရုပ်မြင်သံကြားသတင်းမှာ ကြားရပါတယ်။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွေတိုးဖို့ အခွန်အကောက်နဲ့ပတ်သက်တဲ့ မူဝါဒအသစ်တွေ ဖော်ထုတ်ပေးမယ်လို့ တာဝန်ရှိသူတွေက ကြေညာလိုက်ပါတယ်။ အခွန်ဟာ နိုင်ငံတော်အတွက်အရေးကြီးလှတဲ့ ဝင်ငွေတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရအသစ်အနေနဲ့ အခွန်ကိုပွင့်လင်းမြင်သာမှုရှိအောင်၊ အခွန်ပေးဆောင်မှုပမာဏတိုးအောင် ကြိုးစားမယ်လို့ ကြေညာခဲ့ပါတယ်။ အခွန်နဲ့ တိုင်းပြည်ထုတ်ကုန်အချိုးကို သုံးသပ်ရင် မြန်မာနိုင်ငံရဲ့အချိုးဟာ အလွန်နည်းပါးနေတာ တွေ့ရပါတယ်။ အာဆီယံနိုင်ငံများအတွက် အနည်းဆုံးဖြစ်ကြောင်း ပြောကြားတယ်။ ဒါကြောင့် အခွန်ပေးတဲ့အခြေခံတွေကို တိုးမြှင့်ဖို့လိုအပ်ပါတယ်။ အခွန်ပေးရမယ့်သူတွေကလည်း တာဝန်ကျေပွန်စွာ အခွန်ဆောင်ဖို့လိုအပ်ပါတယ်။

အခွန်နဲ့ပတ်သက်လာရင် တရားမျှတမှုရှိဖို့ အရေးကြီးလှတယ်။ ဝင်ငွေများသူတွေ အခွန်များများပေးဖို့လိုအပ်ပြီး ဝင်ငွေနည်းသူတွေကို အခွန်ပမာဏနည်းနည်းကောက်ခံသင့်ပါတယ်။ အခွန်စနစ်မထိရောက်ရင် အခွန်ငွေပမာဏမမြင့်မားသလို ပေးသင့်သူတွေမပေးဘဲ ရှောင်နိုင်တာတွေ့ရပြန်တယ်။ အခွန်နဲ့အဂတိလိုက်စားမှုတို့ဟာလည်း ဆက်စပ်နေပြန်တယ်။ စာရင်းဇယားပြည့်ပြည့်စုံစုံမထားဘဲ နားလည်မှုကိုအခြေခံပြီး အခွန်ရှောင်မှုတွေများပြားနေတာဖြစ်တယ်။ ဒါပေမယ့် အခွန်နဲ့ပတ်သက်လာရင် အခွန်ငွေဟာနိုင်ငံတော်အတွက် ဝင်ငွေဖြစ်သလို တစ်ဖက်ကအခွန်ဟာ မက်လုံးဖြစ်တယ်ဆိုတာတွေကို အသိအမှတ်ပြုရမှာဖြစ်တယ်။ အခွန်နှုန်းတွေမြှင့်လိုက်ရင် စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ စိတ်ဓာတ်ကျပြီး အလုပ်တွေရပ်သွားနိုင်တယ်။ အမေရိကန်ပြည်ထောင်စုမှာ သမ္မတရေဂင်လက်ထက် ကယ်လီဖိုးနီးယားတက္ကသိုလ်က ပါမောက္ခတစ်ဦးရဲ့သုတေသနတစ်ခုဟာ အလွန်စိတ်ဝင်စားဖို့ကောင်းပါတယ်။ အခွန်နှုန်းလျှော့ချလိုက်ရင် မက်လုံးတစ်ရပ်ဖြစ်လာဖို့ လုပ်ငန်းရှင်များပိုပြီး အလုပ်လုပ်ချင်စိတ်ရှိလာတာမို့ တိုင်းပြည်ထုတ်ကုန် တိုးမြှင့်နိုင်ဖို့ကို ဖော်ပြခဲ့တယ်။ အခြေခံကတော့အခွန်နှုန်းမဟုတ်ဘဲ စုစုပေါင်းအခွန်ငွေပမာဏသာဖြစ်တယ်။ အခွန်နှုန်းတိုးလိုက်ရုံနဲ့ အခွန်ငွေပမာဏတိုးလာနိုင်မှာ မဟုတ်ပါဘူး။ အရေးကြီးတာ အခွန်နှုန်းမဟုတ်ဘဲ အခွန်ငွေပမာဏသာဖြစ်ကြောင်း သတိပြုရမယ်။

ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၂ ခုနှစ်နိုဝင်ဘာလမှာရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ဥပဒေအသစ်နှစ်ရပ်ပြဋ္ဌာန်းခဲ့ပါတယ်။ ပထမဥပဒေက နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေဖြစ်ပြီး ဒုတိယဥပဒေက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပဲဖြစ်ပါတယ်။ အခုလို ဥပဒေနှစ်ရပ်ရှိပေမယ့် အနှစ်သာရက သိပ်မကွာခြားလှပါဘူး။ နိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ရင် ပြည့်စုံလုံလောက်တဲ့ မက်လုံးတွေ၊ အာမခံချက်တွေပေးထားပါတယ်။ ကျွန်တော်သတိပြုမိတာက နိုင်ငံသားရင်းနှီးမြှုပ်နှံမှုကြောင့် ရလာတဲ့အခွင့်အရေးတွေကို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ သိရှိမှုနည်းနေတာတွေ့ရတယ်။ တချို့ဆိုရင် ဥပဒေရှိမှန်းတောင် မသိကြပါဘူး။ ဒီဥပဒေကိုသိရှိနားလည်ပြီး သဘောပေါက်ရင် အခွင့်အရေးမျိုးစုံရနိုင်ပါတယ်။ နိုင်ငံသားလုပ်ငန်းရှင်များ ယခုထက်ပိုသိအောင် တာဝန်ရှိသူတွေ ကြိုးစားဖို့လိုအပ်ပါလိမ့်မယ်။ တစ်ခုတော့သတိပြုရမှာဖြစ်တယ်။ ဥပဒေအရ ခံစားနိုင်မယ့်အခွင့်အရေးတွေဟာ ရှိပြီးသားတွေအတွက်မဟုတ်ဘဲ လုပ်ငန်းအသစ်တွေ၊ အလုပ်အသစ်တွေအတွက်သာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရဲ့ အရေးပါမှုကို နိုင်ငံ့ခေါင်းဆောင်များကလည်းကောင်း၊ စီးပွားရေးပညာရှင်များကလည်းကောင်း အသိအမှတ်ပြု လက်ခံထားခဲ့ကြပါတယ်။ ဒါကြောင့်လည်း အမေရိကန်ပြည်ထောင်စုသမ္မတ အိုဘားမားဟာ သူ့နိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစီးဆင်းဖို့တိုက်တွန်းပေးခဲ့ပါတယ်။ အခုလိုပဲ တရုတ်နိုင်ငံသမ္မတကြီးကလည်း ကြိုဆိုခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုဖိတ်ခေါ်ခြင်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံများကသာ စိတ်ဝင်စားတာမဟုတ်ဘဲ ချမ်းသာတဲ့နိုင်ငံတွေကလည်း ဖိတ်ခေါ်နေတာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုတာဟာ ပြည်တွင်း အင်အားကိုအားမကိုးလို့ မဟုတ်ပါဘူး။ ပြည်တွင်းမှာရှိတဲ့အင်အားကို ပြည်ပ အကူအညီနဲ့အားဖြည့်တာဖြစ်တယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ ပြည်ပငွေကြေး စီးဆင်းမှု ဇာတ်မြစ်သုံးမျိုးရှိတာတွေ့ရပါတယ်။ ပထမအဆင့်ကတော့ ချမ်းသာတဲ့နိုင်ငံများက ပေးအပ်တဲ့ အိုဒီအေလို့ခေါ်တဲ့ ဖွံ့ဖြိုးမှုအကူအညီတွေပဲဖြစ်ပါတယ်။ ချမ်းသာတဲ့ နိုင်ငံများဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် မိမိဝင်ငွေရဲ့ ၀ ဒသမ ၇ ရာခိုင်နှုန်းကို အိုဒီအေအဖြစ်ပေးဖို့လွှန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ကျော်ကတည်းက သဘောတူခဲ့တာ ဖြစ်တယ်။ ဒါပေမယ့် ချမ်းသာတဲ့နိုင်ငံ ၂၂ နိုင်ငံအနက် ဒီကတိကိုတည်ခဲ့တဲ့ နိုင်ငံလေးနိုင်ငံသာရှိကြောင်း ဝမ်းနည်းစရာတွေ့ရှိရပါတယ်။ ဒုတိယဇာတ်မြစ်ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး တတိယဇာတ်မြစ်ကတော့ နိုင်ငံခြားမှာအလုပ်လုပ်ကိုင်ကြပြီး မိမိ မိဘဆွေမျိုးများကို ပြန်ပို့ပေးတဲ့ငွေကြေးအထောက်အပံ့တွေဖြစ်ပါတယ်။ ဒီတတိယဇာတ်မြစ်ကို အထင်သေးလို့မရပါဘူး။ ၂၀၀၆ ခုနှစ်က စတင်ပြီး တတိယဇာတ်မြစ်ကရရှိတဲ့ ငွေပမာဏဟာ ပထမဇာတ်မြစ်ကရရှိတဲ့ ပမာဏထက်မြင့်မားလာတာကို တွေ့ရပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုကြပြီး မက်လုံးအမျိုးမျိုးပေးပြီး ဆွဲဆောင်ကြတာတွေ့ရပါတယ်။ အမှန်တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဘဝကို တွန်းအားပေးခဲ့ပါတယ်။ ကျွန်တော်က ဒါနဲ့ပတ်သက်ပြီး ဥပမာတစ်ခုကို

**အခွန်ဟာ နိုင်ငံတော်အတွက်အရေးကြီးလှတဲ့ ဝင်ငွေတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရအသစ်အနေနဲ့ အခွန်ကို ပွင့်လင်းမြင်သာမှုရှိအောင်၊ အခွန်ပေးဆောင်မှုပမာဏတိုးအောင် ကြိုးစားမယ်လို့ ကြေညာခဲ့ပါတယ်။ အခွန်နဲ့ တိုင်းပြည်ထုတ်ကုန်အချိုးကို သုံးသပ်ရင် မြန်မာနိုင်ငံရဲ့အချိုးဟာ အလွန်နည်းပါးနေတာ တွေ့ရပါတယ်။**

မကြာခဏပေးခဲ့ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့စီးပွားရေးဟာ ဘက်ထရီဓာတ်အားလျော့သွားတဲ့ ကားတစ်စီးနဲ့တူပါတယ်။ ဘက်ထရီဒေါင်းသွားလို့ ဒီကားကိုစက်နှိုးလို့မရတော့ပါဘူး။ စက်နိုးအောင် ရွေးချယ်နိုင်မယ့် နည်းလမ်းနှစ်ရပ်ရှိပါတယ်။ ပထမနည်းလမ်းက ကားကိုစက်နိုးအောင် ဝိုင်းတွန်းဖို့ဖြစ်ပါတယ်။ တွန်းလို့လည်း နိုးနိုင်ပါတယ်။ ဒါပေမယ့် တွန်းပြီးနိုးရတာမို့ ပင်ပန်းပါတယ်။ ချွေးထွက်ရပါတယ်။ ဒုတိယနည်းလမ်းကတော့ အားမရှိတော့တဲ့ ဘက်ထရီကို အားအပြည့်ရှိတဲ့ အခြားကားတစ်စီးနဲ့ချိတ်ပြီး စက်နှိုးလို့ရပါတယ်။ ဒါဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ တစ်ချိန်ကထင်သလောက်မရရှိခဲ့ပါဘူး။ ဒါကတော့ နိုင်ငံရေးဘောဂ သဘောတရားသာဖြစ်တယ်။ အနောက်နိုင်ငံများရဲ့စီးပွားရေးပိတ်ဆို့မှုတွေကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ မဝင်ခဲ့ပါဘူး။ ဒါကြောင့်လည်း အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ တရုတ်ပြည်၊ ထိုင်းနဲ့ စင်ကာပူနိုင်ငံတွေများခဲ့ပါတယ်။ ၂၀၁၀ အစိုးရတက်လာပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ စတင်ခဲ့တာမို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏဟာ သိသိသာသာတိုးတက်လာခဲ့တယ်။ အနောက်နိုင်ငံများရဲ့ စီးပွားရေးပိတ်ဆို့မှုတွေ ဖြေလျှော့လာတဲ့အတွက် ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တက်လာခဲ့တယ်။ ကျွန်တော်တို့နိုင်ငံဟာ သဘာဝသယံဇာတပစ္စည်းတွေ ကြွယ်ဝချမ်းသာတာမို့ ရင်းနှီးမြှုပ်နှံမှုတွေဟာ ဒီကဏ္ဍတွေမှာများပြားခဲ့ပါတယ်။ ဆက်သွယ်ရေးလုပ်ငန်းတွေကို ဖွင့်ပေးလိုက်တာမို့ ကြီးမားတဲ့အရင်းအနှီးတွေလည်း စီးဆင်းလာခဲ့တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကြောင့် ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အရေးတွေလည်း မြင့်မားလာခဲ့သလို ဒေသဖွံ့ဖြိုးမှုအတွက်လည်း အထောက်အကူဖြစ်စေခဲ့ပြန်တယ်။

နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြစ်စေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်စေ အခြေခံကတော့ 'မသုံးလုံး' ပဲ ဖြစ်တယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏတွေဟာ 'များ'ရမယ်။ အဓိပ္ပာယ်က ရင်းနှီးမြှုပ်နှံမှုပမာဏများလေလေ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမှာဖြစ်တဲ့ ဒုတိယအချက်က 'မြန်'ဖို့အရေးကြီးပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို အခွင့်အရေးယူပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏတွေ မြန်မြန်ဝင်ရောက်စီးဆင်းဖို့လိုအပ်ပါတယ်။ နောက်ဆုံးကတော့ 'မှန်'ဖို့လိုအပ်ပါတယ်။ မှန်တယ်လို့ပြောတဲ့နေရာ လူမှုရေးတာဝန် ကျေပွန်မှုရှိတဲ့၊ ပတ်ဝန်းကျင်ကို ကာကွယ်တဲ့၊ ထိန်းသိမ်းတဲ့ အလုပ်အကိုင်အခွင့်အရေးတွေကို တိုးမြှင့်နိုင်မယ့် ရင်းနှီးမြှုပ်နှံမှုတွေဖြစ်ဖို့ လိုအပ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုကိုတာဝန်ယူတဲ့အဖွဲ့အစည်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ပဲဖြစ်တယ်။ ကော်မရှင်ဟာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ 'မသုံးလုံး'နဲ့ ကိုက်ညီအောင်ကြိုးစားနေတာဖြစ်တယ်။ တစ်ခုတော့ရှိပါတယ်။ ကော်မရှင်ကိုတင်ပြလာတဲ့ အဆိုပြုလွှာတွေကို စိစစ်ပြီး ခွင့်ပြုပေးသင့် မပေးသင့်ကို အဆုံးအဖြတ်ပေးပါတယ်။ အမှန်တော့ မိမိနိုင်ငံရဲ့ စီးပွားရေးအခြေအနေအပေါ် အခြေခံပြီး ဘယ်လိုရင်းနှီးမြှုပ်နှံမှုတွေ လိုအပ်မယ်ဆိုတာကို ကြိုတင်ထုတ်ဖော်ပြီး ရင်းနှီးမြှုပ်နှံမှုတွေစီးဆင်းလာအောင် ဆောင်ရွက်သွားရမှာသာဖြစ်ပါတယ်။

အထူးသဖြင့် ငြိမ်းချမ်းရေးရလာတဲ့အခြေအနေတွေမှာ ဖွံ့ဖြိုးမှုနောက်ကျခဲ့တဲ့ ဒေသတွေမှာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတွေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာအောင် တွန်းအားပေးဖို့လိုအပ်ပါတယ်။ အခုလို ဆောင်ရွက်နိုင်ရင် ရလာတဲ့ ငြိမ်းချမ်းရေးဟာလည်း ပိုမိုခိုင်မြဲပြီး အစွန့်ရှည်မှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးအဆောက်အအုံမှာ သုံးပိုင်းပါဝင်ပါတယ်။ လယ်ယာစိုက်ပျိုးရေး၊ စက်မှုလက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍဆိုပြီး အကြမ်းဖျင်းခွဲခြားသတ်မှတ်နိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့အနေအထားအရ ကဏ္ဍသုံးခုစလုံးမှာ လိုအပ်ပါတယ်။ အထူးသဖြင့် လယ်ယာကဏ္ဍမှာ ပိုပြီးလိုအပ်ပါတယ်။

လယ်ယာထွက်ကုန် ထုတ်လုပ်မှုနှုန်းတိုးတက်အောင် ကြိုးစားဖို့ လိုအပ်ပါတယ်။ လယ်ယာထွက်ကုန်များကို တန်ဖိုးမြှင့်နိုင်အောင် ကြိုးစားပြီး နိုင်ငံခြားဝင်ငွေတွေ ရှာဖွေသွားရမှာဖြစ်တယ်။ စက်မှုလက်မှုကဏ္ဍမှာလည်း ရင်းနှီးမြှုပ်နှံမှုတွေဟာ လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဝန်ဆောင်မှုကဏ္ဍကိုလည်း အာရုံပြုစေချင်ပါတယ်။ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အိုင်တီလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံစေချင်တယ်။ အခုလို ဆောင်ရွက်နိုင်ရင် ရင်းနှီးမြှုပ်နှံမှုကို ကာလတိုအတွင်း တိုးမြှင့်နိုင်သလို နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုအတွက်လည်း အထောက်အကူဖြစ်နိုင်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လာရင် အရေးကြီးဆုံးကိစ္စကတော့ ဥပဒေအရ အာမခံပေးနိုင်မှုဖြစ်တယ်။ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေ လုံခြုံစိတ်ချအောင် ဖန်တီးရမယ်။ ချမှတ်ထားတဲ့ မူဝါဒပေါ်လစီတွေဟာလည်း တည်ငြိမ်ဖို့လိုအပ်ပါတယ်။ နေ့ချင်းညချင်း ပြောင်းတာမျိုးမဖြစ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး နိုင်ငံတကာအသိအမှတ်ပြုထားတဲ့ သဘောတူထားတဲ့ စာချုပ်တွေကိုလည်းကောင်း၊ နှစ်နိုင်ငံ သဘောတူတဲ့စာချုပ်တွေကို လည်းကောင်း လေးစားရမှာဖြစ်တယ်။ ပိုင်ဆိုင်မှုအခွင့်အရေးတွေကိုလည်း အာမခံပေးဖို့ လိုအပ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လာရင် နိုင်ငံတော်ရဲ့ စီးပွားရေးပေါ်လစီမှန်ကန်ဖို့လိုအပ်ပါတယ်။ မူဝါဒတွေကို ကျကျနနချထားနိုင်ရင် မြန်မာပြည်ဟာ ရင်းနှီးမြှုပ်နှံလို့ အကောင်းဆုံးနိုင်ငံစာရင်းထဲမှာ ပါဝင်ပါတယ်။ သတိပြုရမယ့် ကိစ္စတစ်ရပ်က နိုင်ငံတကာအရင်းအနှီးဈေးကွက် ငွေပိုငွေလျှံအမြောက်အမြား ရှိနေတယ်။ ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးတွေကို ရှာဖွေနေကြတယ်။ ကိုယ့်နိုင်ငံကို ကမ္ဘာကသိနေတဲ့အချိန် နိုင်ငံရေးအရလည်း အများကလက်ခံနိုင်မယ့်အချိန်မျိုးမှာ အခွင့်အလမ်းတွေက အကောင်းဆုံးဖြစ်တယ်။ "လသာတုန်း ဗိုင်းငင်" ဖို့ အရေးကြီးလှပါတယ်။ "မသုံးလုံးရင်းနှီးမြှုပ်နှံမှု" ကို ကြိုဆိုကြပါစို့။

## သောက်သုံးရေရှားပါးသော ကျေးရွာများသို့ ရေလှူဒါန်း

**တောင်ငူ မေ ၈**

တောင်ငူမြို့ ဒိုးသောင်ကျေးရွာအုပ်စု သဲဖြူကျေးရွာနှင့် ရွှေမင်းဝင်ကျေးရွာတို့တွင် သောက်သုံးရေလိုအပ်လျက်ရှိသောပြည်သူများအတွက် မေ ၆ ရက်က တောင်ငူမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များက ကေတုပရဟိတ အသင်းပိုင် ရေဂါလန် ၃၂၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။**(ယာပုံ)**

"ကျွန်မတို့ကျေးရွာမှာ သင်္ကြန်ပြီးကတည်းက ရေဒုက္ခခံစားနေရတာပါ။ ချိုးရေလည်းမရှိ၊ သောက်သုံးရေလည်းမရှိပါဘူး။ စစ်တောင်းမြစ်နဲ့လည်း နည်းနည်းဝေးတော့ တစ်နေ့မှ တစ်ခေါက်ပဲသွားနိုင်တယ်။ အခုလို ကျေးရွာအရောက် ရေလာလှူတာ အလွန်ပဲ ကျေးဇူးတင်ပါတယ်" ဟု ရွှေမင်းဝင်ကျေးရွာနေ ပြည်သူတစ်ဦးက ပြောသည်။

သောက်သုံးရေများကို သဲဖြူကျေးရွာရှိ အိမ်ခြေ ၇၀ မှ လူဦးရေ ၂၅၇ ဦးကိုလည်းကောင်း၊ ရွှေမင်းဝင်ကျေးရွာရှိ အိမ်ခြေ ၇၄ အိမ်မှ လူဦးရေ ၃၀၄ ဦးတို့ကို လည်းကောင်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



# ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စိုက်ပျိုးရေးပညာသင်ကြားပေးနေသော တက္ကသိုလ်များ (အပိုင်း- ၁)

**ကျွန်တော်သည် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၆ ရက်အထိ တိုကျိုစိုက်ပျိုးရေးတက္ကသိုလ် (Tokyo University of Agriculture TUA - Tokyo NODAI)၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ ဂုဏ်ထူးဆောင်အဖွင့်မိန့်ခွန်း ပြောကြားပေးရန် ဖိတ်ကြားခံရသဖြင့် သွားရောက်ခဲ့ရာတွင် စိုက်ပျိုးမွေးမြူရေးပညာ သင်ကြားပေးနေသော တက္ကသိုလ်သုံးခုသို့ လေ့လာရေးသွားရောက်ခဲ့၍ စာဖတ်ပရိသတ်များကို ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စိုက်ပျိုးရေးပညာသင်ကြားပေးနေသော တက္ကသိုလ်များအကြောင်း ဗဟုသုတမျှဝေပေးလိုပါသည်။**



**တိုကျိုစိုက်ပျိုးရေးတက္ကသိုလ် (Tokyo University of Agriculture - Tokyo NODAI)**

ဤတက္ကသိုလ်ကို ၁၈၉၁ ခုနှစ်က စတင်တည်ထောင်ခဲ့၍ တက္ကသိုလ်၏သက်တမ်းသည် ၁၂၅ နှစ် ရှိပါပြီ။ အဆိုပါ တက္ကသိုလ်၏ မျှော်မှန်းချက်(Vision) မှာ အစားအစာ (Food)၊ ပတ်ဝန်းကျင်(Environment)၊ ကျန်းမာရေး (Health) နှင့် သဘာဝအရင်းအမြစ်နှင့် စွမ်းအင် (Natural Resources and Energy) ပြဿနာများကို လက်တွေ့သိပ္ပံပညာနည်းသစ်များ(New Practical Science)ဖြင့် ဖြေရှင်းပေးခြင်းပင် ဖြစ်ပါသည်။ တိုကျိုစိုက်ပျိုးရေးတက္ကသိုလ်တွင် Atsugi, Setagaya နှင့် Okhotsk Campus ဟု နယ်မြေသုံးခု ရှိပါသည်။ ဘွဲ့လွန်သင်တန်းကျောင်း(Graduate Schools) နှစ်ခု၊ မဟာဌာန(Faculties) ခြောက်ခု၊ ဌာန (Departments) ၂၂ ခု နှင့် အထူးပြုဓာတ်ခွဲခန်း (Laboratories)ပေါင်း ၂၀၀ ရှိပါသည်။ ပါမောက္ခနှင့် တွဲဖက်ပါမောက္ခပေါင်း ၂၀၀ ကျော်က ထိုဓာတ်ခွဲခန်း ၂၀၀ ကို အဆင့်ဆင့်ကြီးကြပ်လျက် ကျောင်းသား ကျောင်းသူပေါင်း ၁၃၀၀၀ ကျော်ကို ပထမနှစ်မှစတင်ကာ အထူးပြုဘာသာရပ်ပေါင်းများစွာဖြင့် လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။

(၁) စိုက်ပျိုးမွေးမြူရေးမဟာဌာန(Faculty of Agriculture)အောက်တွင်

(က) စိုက်ပျိုးရေးဌာန (Department of Agriculture) မှ ဇီဝထုတ်လုပ်ရေး၊ သုံးစွဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု အချိုးညီညီရှိအောင် ရည်ရွယ်ချက်များဖြင့် သင်ကြား၊ သုတေသနပြု ဆောင်ရွက်နေပါသည်။

(ခ) မွေးမြူရေးသိပ္ပံဌာန(Department of Animal Science) က တိရစ္ဆာန်များ စနစ်တကျမွေးမြူရေးကို သိပ္ပံနည်းကျစနစ်များဖြင့် လေ့ကျင့်သင်ကြားပေးနေပါသည်။

(ဂ) လူသား၊ အပင်၊ တိရစ္ဆာန်ဆက်စပ်မှု လေ့လာသောဌာန (Department of Human and Animal -Plant Relationships) က တိရစ္ဆာန်နှင့် အပင်များ၏ သဟဇာတဖြစ်မှုကိုလေ့လာပြီး ပိုမိုကောင်းမွန်သော လူနေမှုဘဝသက်တမ်း (Improving Quality of Life - QOL)ရရှိအောင် သင်ကြား မွေးထုတ် သုတေသနပြုနေသောဌာန ဖြစ်ပါသည်။)

(၂) အသုံးချဇီဝသိပ္ပံမဟာဌာန (Faculty of Applies Bioscience) အောက်တွင်

(က) ဇီဝသိပ္ပံဌာန (Department of Bioscience) က အခြေခံကျသော ဇီဝသက်ရှိများကို နည်းပညာအသစ်များဖြင့် လေ့လာဆန်းစစ်ကာ သင်ကြား သုသေတနပြုလုပ်နေသော ဌာန ဖြစ်ပါသည်။

(ခ) အသုံးချဇီဝဗေဒနှင့် ဓာတုဗေဒဌာန (Department Applied Biology and Chemistry) မှာ ဇီဝနည်းပညာသိပ္ပံပညာရှင်များ (Biotechnological Scientists) က အနာဂတ်လူသားများအတွက် လိုအပ်ချက်ကို ပံ့ပိုးပေးသော ဌာန ဖြစ်ပါသည်။

(ဂ) အချဉ်ဖောက်သိပ္ပံပညာဌာန (Department Fermentation Science) မှာ အနုဇီဝသက်ရှိ (Microbes) များကို အသုံးချ၍ ဂျပန်အရက်၊ ဘီယာ၊ ဝိုင်အစရှိသည်တို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်အထိပြုလုပ်သော အတတ်ပညာဌာန ဖြစ်ပါသည်။ ဂျပန်နိုင်ငံရှိ သုတေသနနှင့် အဆင့်မြင့် ပညာသင်ပေးသော တစ်ခုတည်းသော နာမည်ကြီးဌာန ဖြစ်ပါသည်။

(ဃ) အစားအစာလုံခြုံရေးဆိုင်ရာဌာန(Department Food Safety) မှာ အစားအသောက်များ ဘေးကင်းလုံခြုံရေးအတွက် လူကျန်းမာရေးနှင့် ဆက်စပ်နေသည်များကို လေ့လာသောဌာန ဖြစ်ပါသည်။

(င) အာဟာရသိပ္ပံပညာဌာန (Department Nutritional Science) မှာ အစားအသောက်နှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။

(၃) ဒေသပတ်ဝန်းကျင်သိပ္ပံဆိုင်ရာ မဟာဌာန (Faculty of Regional Environmental Science) အောက်တွင်

(က) သစ်တောသိပ္ပံပညာဌာန (Department Forest Science) ရှိပြီး သစ်ပင်သစ်တောထိန်းသိမ်းရေးနှင့် လူမှုဘဝ အကျိုးပြုနိုင်ရန်၊ ဟန်ချက်ညီညီဖြစ်စေရန် သင်ကြားသုတေသနပြုနေသော ဌာနဖြစ်ပါသည်။

(ခ) ဇီဝထုတ်လုပ်မှုနှင့် ပတ်ဝန်းကျင်အင်ဂျင်နီယာဌာန (Department Bioproduction & Environmental Engineering) သည် အသုံးချဇီဝဗေဒပညာမှ ပတ်ဝန်းကျင်ထိန်းသိမ်းသောပညာ(Eco-Technology) ကို ဟန်ချက်ညီညီ သင်ကြားပြသပေးသော ဌာနဖြစ်ပါသည်။

(ဂ) မြေအလှပြင်ဗိသုကာဌာန (Department Landscape Architecture Science) မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဗိသုကာပညာကို အနုပညာရှုထောင့်မှနေ၍ အပင်များဖြင့် ပုံဖော်ခြင်း ဖြစ်ပါသည်။

(၄) အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့် အစားအသောက် ပညာလေ့လာရေးမဟာဌာန (Faculty of International Agriculture & Food Studies) အောက်တွင်

(က) အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးဌာန (Department International Agricultural Development)မှာ နိုင်ငံတကာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားသုတေသနပြုနေပါသည်။

(ခ) အစားအသောက်ပတ်ဝန်းကျင်ဆိုင်ရာ စီးပွားရေးဌာန (Department Food Environment Economics) တွင် ကမ္ဘာတစ်ဝန်းလုံးရှိ အစားအစာဆိုင်ရာ စီးပွားရေးစနစ်များကို လေ့လာသင်ကြားသုတေသနပြုနေပါသည်။

(ဂ) အပြည်ပြည်ဆိုင်ရာ ဇီဝစီမံခန့်ခွဲမှု လေ့လာရေးပညာဌာန (Department International Biobusiness Studies) မှာ ခေတ်မီသတင်းအချက်အလက် နည်းပညာများဖြင့် ဇီဝဆိုင်ရာစီမံခန့်ခွဲမှုများပြုလုပ်ရင်း သင်ကြားသုတေသနပြုနေပါသည်။

(၅) ဇီဝဆိုင်ရာစက်မှုလုပ်ငန်းမဟာဌာန (Faculty of Bio-industry) အောက်တွင်

(က) ဇီဝထုတ်လုပ်မှုဌာန (Department of Bio-production) မှ ဇီဝထုတ်လုပ်မှု အင်ဂျင်နီယာပညာများ လေ့ကျင့်သင်ကြားပေးပါသည်။

(ခ) ရေလုပ်ငန်းဆိုင်ရာ ဇီဝသိပ္ပံဌာန (Department Aquatic Bioscience) မှ ရေလုပ်ငန်း၊ ငါးပုစွန်မွေးမြူရေးဆိုင်ရာ နည်းပညာများ သင်ကြားသုတေသနပြုပေးပါသည်။

(ဂ) အစားအသောက်နှင့်အလှအပသိပ္ပံပညာဌာန (Department Food & Cosmetic Science) မှ အပင်၊ တိရစ္ဆာန်များမှ ထုတ်လုပ်နိုင်သော အစားအစာ၊ မိတ်ကပ် အလှပြင်ဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်းကို လေ့ကျင့်သင်ကြားပေးပါသည်။

(ဃ) စီမံခန့်ခွဲမှုသိပ္ပံနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဌာန (Department Business Science & Regional Development) မှ ဒေသဆိုင်ရာစီးပွားရေး၊ စီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို သင်ကြားလေ့လာ သုတေသနပြုနေပါသည်။

တိုကျိုစိုက်ပျိုးရေးတက္ကသိုလ်၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲမှ ကျွန်တော်တို့တက္ကသိုလ်နှင့်မတူသော ထူးခြားမှုလေးတွေ တင်ပြသွားပါမည်။ ဆက်တာဂါယာနယ်မြေ (Setagaya Campus) တွင် ပြုလုပ်သော ကြိုဆိုပွဲမှာ ပထမနှစ်နှင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူ မောင်မယ်သစ်လွင်ပေါင်း ၂၅၀၀ ခန့် တက်ရောက်ပါသည်။ မောင်မယ်သစ်လွင်များကိုသာမက သူတို့၏ မိဘများလည်း တက်ရောက်ပါသည်။ ကျွန်တော်က ဧည့်သည်ဖြစ်၍ သူတို့၏ဧည့်သည်အချို့ အထူးသဖြင့် တက္ကသိုလ်အုပ်ချုပ်ရေးဘုတ်အဖွဲ့ (Board of Trustees) နှင့် စင်မြင့်ပေါ်တွင် ကြိုတင် နေရာယူထားရပါသည်။ လိုက်ကာပိတ်ထားပြီး မောင်မယ်သစ်လွင်များက ကြိုတင်နေရာယူထားကြပါသည်။ သီးသန့်ခန်းမ မဟုတ်ဘဲ အားကစားရုံထဲတွင်ပင် စင်မြင့်ပါတွဲထားသည့် ဘက်စုံထားခန်းမ (Multi-purpose)ဖြစ်ပါသည်။ သူတို့ပါမောက္ခချုပ်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်ရောက်လာသောအခါ တက္ကသိုလ်တီးဝိုင်းက တီးမှုတ်၍ အားလုံး မတ်တပ်ရပ်ပေးရပါသည်။ တီးဝိုင်းက နိုင်ငံတော်သီချင်းကို ပထမဆုံး သီဆိုတီးမှုတ်၍ သူတို့၏အလံကို အလေးပြုရပါသည်။ ပြီးလျှင် ပါမောက္ခချုပ်က မိန့်ခွန်းပြောပါသည်။ ပြီးလျှင် ဂုဏ်ထူးဆောင် ပါမောက္ခချုပ်အနေနှင့် ကျွန်တော်က မိန့်ခွန်းပြောရပါသည်။ ပထမနှစ်ဝင်ခွင့်ရသော အထူးချွန်ဆုံးကျောင်းသူက တက္ကသိုလ်ကျောင်းနေစဉ်ကာလအတွင်း မည်သို့မည်ပုံ ပြုလုပ်သွားမည်ကို ပါမောက္ခချုပ်ရှေ့မှောက်တွင် ကတိဝန်ခံချက်သဘော ဖတ်ပြပါသည်။

ပြီးလျှင် တိုကျိုစိုက်ပျိုးရေးတက္ကသိုလ်သီချင်းကို ကျောင်းသားလေးများက အလှအပလေးများဖြင့် သီဆိုဖျော်ဖြေသွားပါသည်။ အစီအစဉ်မှာ တစ်နာရီသာ ကြာပါသည်။ ပြီးသည်နှင့် သက်ဆိုင်ရာ အထူးပြုဘာသာအလိုက် အတန်းကြီး ကျောင်းသား ကျောင်းသူများက ဌာနများ (Departments)၊ လက်တွေ့ဓာတ်ခွဲခန်းများ (Laboratories) ကို မိဘများနှင့်အတူ ကြည့်ရှုလေ့လာနိုင်ရန် ခေါ်ယူသွားပါသည်။ တက္ကသိုလ်အတွင်းရှိ ဌာနများနှင့် ဓာတ်ခွဲခန်းများကို မိဘများနှင့် မောင်မယ်သစ်လွင်များပါ သွားရောက်လေ့လာစေသည်မှာ အလွန်ကောင်းမွန်သော အစီအစဉ်ဖြစ်ပါသည်။

ကျွန်တော်ဆိုလိုသည်မှာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်သည် သီးနှံစိုက်ပျိုး၊ တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုနှင့်ပင် မပြီးဘဲ စိုက်ပျိုးမွေးမြူရေးနှင့် ဆက်စပ်နေသော အစားအစာ ဘေးကင်းလုံခြုံမှုနည်းပညာ၊ ကစော်ဖောက်နည်း (Fermentation) စသည်တို့ကို သိပ္ပံနည်းကျ စနစ်တကျလေ့လာသင်ယူ၍ ဂျပန်တစ်နိုင်ငံလုံးသာမက ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် လေ့ကျင့်၊ သုတေသနပြုနေသည်မှာ အားကျစရာ ကောင်းပါသည်။ ဥပမာ ကျွန်တော်တို့နိုင်ငံတွင် ငါးပိ၊ ငါး ခြောက်၊ ငါးချဉ်၊ ပုစွန်ချဉ် ထုတ်လုပ်သည်ကို လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက မိရိုးဖလာလုပ်ငန်းအဖြစ် လုပ်နေသည်မှာ ကြာလှပါပြီ။ ထိုလုပ်ငန်းများကိုပင်လျှင် အဆင့်မြင့်ပညာတက္ကသိုလ်တွင် သင်ကြားပေးပြီး တက္ကသိုလ်တစ်ခုခုက တစိုက်မတ်မတ်သုတေသနပြုလုပ်ကာ နိုင်ငံတကာအထိ ထိုးဖောက်နိုင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အလွန်ကောင်းမွန်ပါမည်။

ထို့အတူ မြန်မာ့ရိုးရာ မုန့်အမျိုးမျိုး၊ မုန့်ဟင်းခါး စသည်တို့ကို ချက်လုပ်နေသည်မှာ နိုင်ငံတစ်ဝန်းတွင်ဖြစ်ပြီး မိရိုးဖလာအရ ဟသ်ာတမုန့်ဟင်းခါး၊ မော်လမြိုင်မုန့်ဟင်းခါး စသည်ဖြင့် ခေါ်ဝေါ်စားသုံးနေသည်မှာ ကြာပါပြီ။ မုန့်ဟင်းခါးတွင် အာဟာရဓာတ်တန်ဖိုးက ဘယ်လောက်ပါမည်။ ကယ်လိုရီ ဘယ်လောက်ရမည်။ ငါးကို ဘယ်လိုထည့်၍ စားသုံးသူအတွက်လိုအပ်သော ပရိုတင်းဘယ်လောက်ရအောင် ထည့်သွင်းရမည်ကို သုတေသနပြုရင်း စနစ်ကျသော ထုပ်ပိုးမှုနည်းပညာ (Packaging Technology) ဖြင့် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်ပါက တန်ဖိုးမြင့်ထုတ်ကုန်များ (Value-Added Product) ဖြစ်လာနိုင်ပြီး နိုင်ငံအတွက် ဝင်ငွေများစွာရရှိနိုင်ပါကြောင်း အတွေးလွန်နေမိပါတော့သည်။

(ဆက်လက်ဖော်ပြပါမည်)

**ဒေါက်တာမျိုးကြွယ်(AUAA)**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

---

# တာချီလိတ်မြို့နယ်မှ ရေအခက်အခဲဖြစ်သည့် ရပ်ကွက်နှင့်ကျေးရွာများသို့ စည်ပင်သာယာရေးဌာနက သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိ



**တာချီလိတ် မေ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ရာသီဥတုပူပြင်း၍ ရေတွင်းနှင့် ချောင်းများ ခန်းခြောက်ခြင်းကြောင့် သောက်သုံးရေ အခက် အခဲများနှင့် ကြုံတွေ့နေရသည့် ရပ်ကွက်များနှင့် ဘုန်းကြီးကျောင်းများသို့ မြို့နယ်စည်ပင်သာယာရေးဌာနက သောက်သုံးရေများကို မေ ၃ ရက်က ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

မေ ၂ ရက်တွင် မကာဟိုခမ်းရပ်ကွက်သို့ ရေဂါလန် ၈၀၀ ကိုလည်းကောင်း၊ မေ ၃ ရက်တွင် မကာဟိုခမ်းရပ်ကွက်နှင့် ဝမ်ကောင်းရပ်ကွက်ရှိ ကချင်ရွာတွင် ရေဂါလန် ၈၀၀ ကိုလည်းကောင်း သွားရောက်၍ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းခဲ့ခြင်းဖြစ်သည်။

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဧပြီလအတွင်းကလည်း ပုန်းထွန်ရပ်ကွက်သို့ ရေဂါလန် ၁၆၀၀၊ မကာဟိုခမ်းရပ်ကွက်တွင် ရေဂါလန် ၃၂၀၀၊ ဆန်ဆိုင်းဝန်ထမ်းအိမ်ရာတွင် ရေဂါလန် ၂၄၀၀၊ ဆေခမ်းရပ်ကွက်၊ ဝမ်ကောင်းရပ်ကွက်နှင့် အာခေ့ရွာ၊ လေယာဉ်ကွင်း ဘုန်းကြီးကျောင်းနှင့် ဌာနဆိုင်ရာရုံးများသို့ ရေဂါလန် ၇၂၀၀ ကို ဖြန့်ဝေ ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တာချီလိတ်မြို့မှ ရေရှားပါးသော ရပ်ကွက်နှင့် ကျေးရွာများသို့ မြို့နယ်စည်ပင်သာယာရေးဌာနက သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးနေသည့်အပြင် ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ တာချီလိတ်ပညာရေးဖောင်ဒေးရှင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီများကလည်း သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေဆိပ် သန့်ရှင်းသာယာလှပရေး

ဆောင်းပါး - သော်တာနမ့်စန်
ဓာတ်ပုံ - သစ္စာ

ရန်ကုန်မြို့၏ မြို့ပြယဉ်ကျေးမှုနှင့်အတူ မြို့ပြအဆောက်အအုံများသည် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်လာလျက်ရှိရာ ရန်ကုန်မြို့၏ အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးဖြစ်သော မင်္ဂလာဒုံလေဆိပ်သည်လည်း အပါအဝင်ဖြစ်သည်။

မင်္ဂလာဒုံလေဆိပ်ကြီးသည် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ပြောင်းလဲလာခဲ့ရာ တိုးချဲ့ကြီးမားလာသည့် လေဆိပ်၏ အဝင်လမ်းထိပ်တွင် အသစ်တည်ဆောက်နေသော အဆောက်အအုံကြီးနှင့် တစ်ဖက်အစွန်တွင် တည်ဆောက်ပြီးစီးနေသော လှပသစ်လွင်သည့် ခေတ်မီအဆောက်အအုံကြီးတို့မှာ ရန်ကုန်မြို့၏ ပြောင်းလဲတိုးတက်လာမှု တစ်စိတ်တစ်ဒေသကို ဖော်ပြလျက်ရှိသည်။

ပြည်တွင်းပြည်ပမှ လေယာဉ်များ ဝင်ရောက်လျက်ရှိပြီး ခရီးသည်ပို့ဆောင်သောယာဉ်များ၊ ကြိုဆိုသောယာဉ်များနှင့် ဌာနဆိုင်ရာယာဉ်များ၊ နိုင်ငံခြားခရီးသွားများ၊ ပြည်တွင်းခရီးသွားများဖြင့် နေ့စဉ်စည်ကားသက်ဝင်လျက်ရှိသော မင်္ဂလာဒုံလေဆိပ်ကြီးတွင် အသစ်တည်ဆောက်ထားသော လေဆိပ်အဆောက်အအုံကြီးမှာ ငွေရောင်တောက်ပလျက် နေရောင်ခြည်အောက်တွင် ခန့်ညားထည်ဝါစွာ ရှိနေသည်။



ကွမ်းတံတွေးများ ညစ်ပေနေသော လေဆိပ်အတွင်း တစ်နေရာ

လေဆိပ်ဝင်းအတွင်း လေယာဉ်ဖြင့်သယ်ဆောင်လာသော ကုန်ပစ္စည်းများကို ပြန်လည်ထုတ်ပေးသည့် ကာစတန်ဂျူတီနေရာဝင်းရှေ့တွင် လမ်းဘေးဈေးဆိုင်သုံးဆိုင်ဖွင့်လှစ်ထားသည်ကို တွေ့ရသည်။ အနီးရှိ အသစ်တည်ဆောက်နေသော လေဆိပ်အဆောက်အအုံလုပ်သားများ၊ လေဆိပ်သို့လာရောက်သူများ ဝင်ထွက်စားသောက်နေကြသည်။ ကွမ်းယာဆိုင်များလည်းရှိသည့်အတွက် ခေတ်မီလေဆိပ်အနေအထားနှင့် လိုက်ဖက်ညီမှုမရှိသည်ကို သတိပြုမိပါသည်။ သန့်ရှင်းသပ်ရပ်မှုမရှိသော ဈေးခုံများနှင့် ရောင်စုံထီးအမိုးများက အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး၏အလှကို ထိခိုက်စေလျက်ရှိနေပါသည်။ လေဆိပ်ရိပ်ဝန်းအတွင်း လမ်းဘေးကွမ်းယာဆိုင်နှင့် ဈေးဆိုင်များရှိနေခြင်းသည် မဟာရန်ကုန်မြို့၌ လမ်းဘေးကျူးကျော်ဆိုင်များ ရှိနေပုံကို အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စ၍တွေ့မြင်နေရသကဲ့သို့ ဖြစ်နေပါသည်။

အမြင်မတော်တာတစ်ခုက ပြည်တွင်းဝင်ပေါက်လေဆိပ်၏ ကားလမ်းတစ်ဖက်တွင် ဆိုင်ကယ်ကယ်ရီများက ခရီးသည်စောင့်ဆိုင်းခေါ်ယူလျက်ရှိသည်။ နိုင်ငံခြားသားများ နေ့စဉ်ဝင်ရောက်မှုများသော လေဆိပ်ကြီးတွင် ဆိုင်ကယ်များက ခရီးသည်တင်ပြေးဆွဲနေကြသည်မှာ မသင့်သောကိစ္စတစ်ခုဖြစ်ပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တားမြစ်ထားသော ဆိုင်ကယ်များကို စီးနင်းနေကြသည်မှာ ဥပဒေကို နေရာဒေသခွဲခြားသိရှိလိုက်နာမှု အားနည်းခြင်းပင်ဖြစ်သည်။

ပြည်တွင်းလေကြောင်းလိုင်း ဝင်ပေါက် ပေါ်တီကိုအောက်သို့ဝင်လိုက်လျှင် ပထမဆုံးတွေ့မြင်ရမည်မှာ လေဆိပ်အမိုးအောက်တွင် ဈေးရောင်းနေသော ဈေးဆိုင် တစ်ဆိုင်ဖြစ်သည်။ ထိုဆိုင်တွင် ကွမ်းယာ၊ ဆေးလိပ်၊ ရေသန့်များ ရောင်းချနေသည်။ ဤသို့ရောင်းချခွင့်ပြုထားသည်ကိုလည်း အံ့သြမိပါသည်။ ရောင်းချသောဈေးဆိုင်မှာ ထိုတစ်ဆိုင်မှ နောင်တွင် နှစ်ဆိုင် သုံးဆိုင် တိုးလာနိုင်ပါသေးသည်။

ပြည်တွင်းလေကြောင်းလိုင်း၏ ပေါ်တီကိုအောက်ရှိ တိုင်လုံး အောက်ခြေတို့တွင်လည်း မူလဆေးရောင်အဖြူတွင် ကွမ်းတံတွေးများ ပေကျံလျက်ရှိသည်ကို တွေ့ရသည်။ အစိမ်းရောင်သုတ်ထားသော သံပန်းဝင်းတံခါး သံလုံးတိုင်ခြေတွင်လည်း ကွမ်းတံတွေးများ နီရဲလျက်ရှိသည်။ ထိုတောင်ဘက် ပြည်တွင်းလေကြောင်းလိုင်း သံဝင်းတံခါးမှထွက်၍ ပြည်ပဆိုက်ရောက်ရာလေကြောင်းလိုင်း ဝင်ပေါက်၊ထွက်ပေါက် ခရီးသည်အတင်အချပြုလုပ်ရာ ပေါ်တီကိုအောက်ရှိ ကွန်ကရစ်တိုင်လုံးအောက်ခြေတွင်လည်းကောင်း၊ ပေါ်တီကို အပြင်ဘက် အငှားယာဉ်များ ခေတ္တရပ်နားရာ ဖြူနီကျားပလက်ဖောင်းတွင်လည်းကောင်း ကွမ်းတံတွေးတို့ ပေကျံလျက်ရှိပါသည်။

နိုင်ငံခြားသားများ နေ့စဉ်ဝင်ရောက်လျက်ရှိသည့် လေဆိပ်၏ ပြည်ပခရီးသွားဝင်ထွက်ရာအပေါက်တွင် ဤသို့ ကွမ်းတံတွေးများ ညစ်ပေနေခြင်းသည် လေဆိပ်၏အလှကို ထိခိုက်စေရုံသာမက စည်းကမ်းပိုင်းဆိုင်ရာပြယုဂ်အဖြစ် မီးမောင်းထိုးပြရာရောက်ပေသည်။

မြန်မာပြည်မှ ပြည်တွင်းလေဆိပ်တို့၏ သန့်စင်ခန်း၊ ခရီးသည်နားနေဆောင်များ သန့်ရှင်းမှုအားနည်းသည်ကို ပြည်ပခရီးသွားများ မသိနိုင်သော်လည်း မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်စဉ် ကွမ်းတံတွေးများ ပေကျံနေသည်ကိုကား ပြည်ပခရီးသွားတိုင်း မြင်တွေ့ကြမည်ဖြစ်သည်။ ထိုသို့ ညစ်ပေနေခြင်းသည် တိုင်းပြည်နှင့်လူမျိုး၏ဂုဏ်ကို ထိခိုက်စေသည်ဟူသော အမျိုးသားရေးအသိများ ရှိနေရမည်ဖြစ်သည်။

တစ်ဦးတစ်ယောက်ကအစ ကိုယ်စီကိုယ်စီ စည်းကမ်းရှိခြင်းဖြင့် နိုင်ငံ၏ဂုဏ်ကို မြှင့်တင်ရန် လိုအပ်ပါသည်။ အားလုံးစည်းကမ်းရှိစွာ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ခေတ်မီလေဆိပ်ကြီး၏အလှသည် ပို၍ သစ်လွင်တောက်ပလာမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ဂုဏ်သည် နိုင်ငံသားတို့၏ဂုဏ်ပင်ဖြစ်သောကြောင့် လေဆိပ်၏အလှကို ထိခိုက်စေသော မည်သည့်ကိစ္စမှန်သမျှကိုမဆို နိုင်ငံကြီးသားပီသစွာ ရှောင်ကြဉ်ရန် လိုအပ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## သပိတ်ကျင်းမြို့နယ်မှ လေဘေးသင့်ပြည်သူများအတွက် တပ်မတော်က သွပ်ချပ်ရေ ၇၀၀၀ လှူဒါန်း

**သပိတ်ကျင်း မေ ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်ခဲ့သော ပြည်သူများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်က လှူဒါန်းသော သွပ်ချပ်ရေ ၇၀၀၀ ကို နယ်မြေခံ အမှတ်(၁၃) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း သပိတ်ကျင်းတပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက သပိတ်ကျင်းမြို့ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌထံ မေ ၅ ရက်က ထပ်ဆင့်ပေးအပ်လှူဒါန်းခဲ့သည်။

သပိတ်ကျင်းမြို့မြို့နယ်ခန်းမ၌ ကျင်းပသည့် လှူဒါန်းပွဲတွင် သပိတ်ကျင်းတပ်နယ်မှူးက လှူဒါန်းရသည့်အကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက လေဘေးဖြစ်ပွားသည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ တပ်နယ်မှူးက လေဘေးဒုက္ခကျရောက်သည့် အိမ်ထောင်စုတိုင်း လှူဒါန်းထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်းများလက်ဝယ်ရရှိအောင် မြို့နယ်အုပ်ချုပ်ရေးမှူးများက ဆောင်ရွက်ရန် မှာကြားခဲ့သည်။ ထို့နောက် တပ်နယ်မှူးက သွပ်ချပ်ရေ ၇၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လေဘေးသင့်ဒေသမှ အုပ်ချုပ်ရေးမှူးများထံ ပေးအပ်လှူဒါန်းခဲ့သည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

## ဖျာပုံမြို့မှ မြေသားရေလှောင်ကန်များ ပြန်လည်တူးဖော်

**ဖျာပုံ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း သောက်သုံးရေပိုမိုရရှိရန်အတွက် ရပ်ကွက်များရှိ မြေသားရေလှောင်ကန်များကို မေ ၄ ရက်မှ စတင်တူးဖော်လျက်ရှိရာ မေလကုန်တွင် ပြီးစီးအောင် တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် အယ်နီညိုရာသီဥတုကြောင့် အပူချိန်ပိုမိုမြင့်တက်ကာ ရေကန်များတွင် ရေများခန်းခြောက်လာပြီး ပြည်သူများအတွက် သောက်သုံးရေအခက်အခဲဖြစ်လာသဖြင့် ဖျာပုံခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ အစီအစဉ်ဖြင့် မြို့မိမြို့ဖများ အလှူရှင်များ၏ လှူဒါန်းငွေနှင့် ပြည်သူများ၏ ထည့်ဝင်ငွေများ စုပေါင်းကာ စက်ယန္တရားများဖြင့် ရေကန်များကို တူးဖော်နေခြင်းဖြစ်ကြောင်း၊ အမှတ်(၅)ရပ်ကွက်ရှိ ရွာလယ်ကျောင်းသောက်ရေကန်ကြီးကို စတင်တူးဖော်နေပြီဖြစ်ကာ အမှတ်(၈)ရပ်ကွက်၊ (၁၁)ရပ်ကွက်နှင့် (၁၉)ရပ်ကွက်များမှ သောက်သုံးရေကန်များကိုလည်း တူးဖော်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဖျာပုံမြို့က ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ ရေချိုတူးဖော်ရရှိခြင်းမရှိပါဘူး မြို့စတည်းက မြေသားမိုးရေလှောင်ကန်တွေကို တူးဖော်ပြီး ပြည်သူတွေ သောက်သုံးရေအားထားသုံးစွဲလာခဲ့တာ ယနေ့အချိန်ကာလအထိပါပဲ။ နာဂစ်သဘာဝဘေးဒဏ်ခံစားရတုန်းကလည်း ဒီမိုးရေလှောင်ကန်တွေကိုပဲ အားထားသုံးစွဲခဲ့ရတာပါ။ မိုးရေလှောင်ကန်တွေက အချိန်ကြာလာတော့ တိမ်ကောလာပြီး ယခုနှစ်မှာ ပူးပြင်းလှတဲ့ရာသီဥတုကြောင့် ရေကန်တွေခန်းခြောက်နေပါတယ်။ ဒါကို ဌာနဆိုင်ရာတွေ၊ မြို့မိမြို့ဖအလှူရှင်တွေနဲ့ ပြည်သူတွေလှူဒါန်းငွေများနဲ့ ပူးပေါင်းပြီး မြေတူးစက်နဲ့ ပြန်လည်တူးဖော်ပေးနေတော့ နောင်နှစ်တွေမှာ သောက်သုံးရေအတွက် ပူစရာမလိုတော့ဘူးပေါ့ဗျာ"ဟု အမှတ်(၅) ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ဖျာပုံမြို့၌ ယခင်က တစ်ကြိမ်မှ ရေခန်းခြောက်ခဲ့ဖူးခြင်းမရှိသော (၈)လမ်းရေကန်ကြီးမှာ လုံးဝခန်းခြောက်သွားခဲ့ပြီး (၅)လမ်းတစ်လျှောက်ရှိ မြေသားမိုးရေလှောင်ကန်များမှာလည်း ရေလုံးဝခန်းခြောက်နေလျက်ရှိသည်။ ထို့အပြင် မြို့မြောက်ပိုင်းရှိ ချောင်းတွင်းမိုးရေလှောင်ကန်ကြီးမှာလည်း ရေခန်းခြောက်စ ပြုလာသဖြင့် ယခုအခါ ပြည်သူများထံသို့ သုံးရက်တစ်ကြိမ်သာ ရေပေးဝေနိုင်တော့ကြောင်း သိရသည်။

ဖျာပုံမြို့သည် မြစ်ချောင်းများဝန်းရံလျက်ရှိသဖြင့် မြို့နေပြည်သူများမှာ အဆိုပါမြစ်ချောင်းများမှရေကို ရေနုတ်မြောင်းများမှယူ၍ သုံးရေအဖြစ် အသုံးပြုသော ရပ်ကွက်များတွင် သုံးရေအဆင်ပြေသော်လည်း သောက်ရေအတွက်မှာ မြေသားရေလှောင်ကန်များကိုသာ အားထားနေရကြောင်း၊ ဖျာပုံမြို့တွင် လူဦးရေတိုးလာသော်လည်း ရေကန်များ ထပ်မံတူးဖော်ရန် နေရာမရှိခြင်းကြောင့် မြေသားမိုးရေလှောင်ကန်များကို ပြန်လည်တူးဖော်ခြင်းဖြစ်ကြောင်း၊ ယခု ရပ်ကွက်များ၌ ဆောင်ရွက်လျက်ရှိသောစက်ယန္တရားများဖြင့် ရေကန်ပြုပြင်တူးဖော်မှုလုပ်ငန်းများ ပြီးစီးပါက သောက်ရေလုံလောက်စွာရရှိရန် မြို့နေပြည်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

## မြို့ရေပေးဝေရေးအတွက် ရေလှောင်တမံ ပြန်လည်တူးဖော်


**ကော့သောင်း မေ ၈**

ကော့သောင်းမြို့နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် အဓိက ရေဖြန့်ဖြူးပေးနေသည့် အရင်းအမြစ်ဖြစ်သော ယင်းဝါရေလှောင်တမံတွင် ရေအရင်းအမြစ် ပြန်လည်တိုးပွားရေး တူးဖော်ခြင်းလုပ်ငန်းများကို မေ ၆ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုင်း-မြန်မာနယ်စပ် ကော့သောင်းမြို့သည် တောင်ကုန်းတောင်စောင်းများပေါ်တွင် တည်ရှိသဖြင့် မြို့နေပြည်သူများမှာ သောက်သုံးရေအတွက် မိုးတွင်းသိုလှောင်ထားသည့် မိုးရေများကိုလည်းကောင်း၊ မြို့အစွန်ရှိ ရေတွင်းရေကန်အချို့မှလည်းကောင်း ရယူသုံးစွဲရကာ အထူးသဖြင့် ယင်းဝါရေလှောင်တမံရှိ သဘာဝရေအရင်းအမြစ်ကို အဓိက အားထားရယူ ဖြန့်ဝေသုံးစွဲနေကြရသည်။

ယခုနှစ်တွင် အယ်နီညိုရာသီဥတုဒဏ်ကြောင့် ယင်းဝါရေလှောင်တမံအတွင်း ရေအရင်းအမြစ်များ လျော့နည်းလာကာ မြို့နေပြည်သူများ သောက်သုံးရေအခက်အခဲကြုံတွေ့နေရသဖြင့် ရေအခက်အခဲကို ဖြေရှင်းနိုင်ရေး၊ သန့်ရှင်းသည့် ရေအရင်းအမြစ်များ ပိုမိုစုဆောင်းရရှိနိုင်ရေးအတွက် တမံအတွင်းမှ ရွှံ့နွံများနှင့် နုန်းမြေများဆယ်ယူခြင်း၊ တမံဧရိယာ ပိုမိုကျယ်ပြန့်ကာ ရေစုဆောင်းသိုလှောင်နိုင်သည့်ပမာဏ တိုးလာရေးအတွက် တမံတိုးချဲ့မှုများကို တနင်္သာရီတိုင်းဒေသကြီး အစိုးရ၏ လမ်းညွှန်ကူညီပံ့ပိုးမှုဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ ပူးပေါင်းကာ စက်ယန္တရားများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



## သုံးခွမြို့နယ်၌ ကျွဲ၊ နွားကာကွယ်ဆေးများ ကွင်းဆင်းထိုးပေး

**သုံးခွ မေ ၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ညောင်လန်းကန်ကျေးရွာမှ ပြည်သူများ မွေးမြူထားသော ကျွဲ၊ နွားများကို သုံးခွမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကိုကိုခိုင်နှင့်အဖွဲ့က ကာကွယ်ဆေးများ မေ ၆ ရက်က ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးရာတွင် ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေး၊ ပေါင်ပုပ် လက်ပုပ်ရောဂါ ကာကွယ်ဆေးနှင့် ဒေါင့်သန်းရောဂါကာကွယ်ဆေးများကို ကျွဲ၊ နွားကောင်ရေ ၃၅ ကောင်အတွက် အခမဲ့ ထိုးနှံပေးနိုင်ခဲ့ကြောင်း၊ ရောဂါကာကွယ်ဆေး များ ထိုးပေးသည့်အပြင် ရောဂါများနှင့်ပတ်သက်၍လည်း ဒေသခံပြည်သူများအား အသိပညာပေးဟောပြောခဲ့သည်။

သုံးခွမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ အခြားကျေးရွာများသို့လည်း ကျွဲ၊ နွားကာကွယ်ဆေးများ ကွင်းဆင်းထိုးပေးခြင်းနှင့် ပညာပေးဟောပြောခြင်းများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# သထုံခရိုင် မြို့နယ်လေးခု၌ လေးလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၁၆၉ မှုဖြစ်ပွားခဲ့

**သထုံ မေ ၈**

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ လေးလတာကာလအတွင်း သထုံခရိုင်၌ ယာဉ်မတော်တဆမှုပေါင်း ၁၆၉ မှု ဖြစ်ပွားခဲ့ပြီး အဆိုပါယာဉ်မတော်တဆမှုများကြောင့် ၇၈ ဦး သေဆုံးကာ ၂၉၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သထုံခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုရုံးမှ သိရသည်။

လမ်းအသုံးပြုသည့် ယာဉ်အမျိုးမျိုးတို့၏အရေအတွက် နှစ်စဉ်များပြားလာသောကြောင့် ယာဉ်ကြောများ ပိုမိုရှုပ်ထွေးလာခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်း လိုက်နာမှု အားနည်းကာ ချိုးဖောက်နေမှုများကြောင့် ယာဉ်မတော်တဆမှုများ ပိုမိုဖြစ်ပွားလာခြင်းဖြစ်ကြောင်း အမှတ်(၇၈) သထုံခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးမျိုးမင်းသိန်းက ပြောသည်။

"ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို အလေးထားလုပ်နေပေမယ့် ယာဉ်စည်းကမ်းကို နားလည်လိုက်နာမှု အားနည်းနေသေးတယ်။ စည်းကမ်းတွေနဲ့ လမ်းအန္တရာယ်တွေကို ပြည်သူတွေနားလည်ဖို့အတွက် ပညာပေးဟောပြောတာမျိုးတွေ လုပ်နေပါတယ်။ ဒါပေမယ့်လည်း မြို့နဲ့အလှမ်းဝေးတဲ့ ကျေးရွာတွေကိုတော့ မရောက်နိုင်သေးဘူး"ဟု ၎င်းကပြောသည်။

ယာဉ်မတော်တဆမှု လျော့နည်းလာအောင် ယာဉ်အန္တရာယ် သတိပေးဆိုင်းဘုတ်များ၊ အရှိန်ထိန်းအချက်ပြမီးစနစ်များ တပ်ဆင်ခြင်း၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လမ်းရှင်းခြင်းတို့ကို ဆောင်ရွက်နေကြောင်း၊ ယာဉ်မတော်တဆ ဖြစ်ပွားမှုအခြေအနေနှင့် သေဆုံးဒဏ်ရာရှိမှုများကို ပြည်သူများသတိပြုနိုင်ရန် သထုံခရိုင်အတွင်းရှိ မြို့နယ်တိုင်းတွင် လူစည်ကားရာနေရာများ၌ ထုတ်ပြန်စိုက်ထူပေးထားကြောင်း လမ်းစည်းကမ်း ဖောက်ဖျက်သူများကိုလည်း မော်တော်ယာဉ် ဥပဒေသစ်နှင့်အညီ တိကျစွာ အရေးယူသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

သထုံခရိုင်အတွင်းရှိ ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင်မြို့နယ်လေးခုတို့တွင် ၂၀၁၆ ခုနှစ် ပထမလေးလအတွင်း ယာဉ်မတော်တဆမှုဖြစ်ပွားနှုန်းမှာ ဇန်နဝါရီလအတွင်း ယာဉ်မတော်တဆမှုဖြစ်စဉ် ၄၃ မှုဖြစ်ပွားပြီး ၂၀ သေဆုံးကာ ၅၉ ဦးဒဏ်ရာရရှိကြောင်း၊ ဖေဖော်ဝါရီလအတွင်း ယာဉ်မတော်တဆမှုဖြစ်စဉ် ၄၇ မှုတွင် ၁၆ ဦး သေဆုံးကာ ၆၉ ဦးဒဏ်ရာရရှိကြောင်း၊ မတ်လအတွင်း ယာဉ်မတော်တဆမှုဖြစ်စဉ် ၄၄ မှုတွင် ၁၉ ဦးသေဆုံးပြီး ၈၆ ဦးဒဏ်ရာရရှိကြောင်း၊ ဧပြီလအတွင်း ယာဉ်မတော်တဆမှုဖြစ်စဉ် ၃၅ မှုဖြစ်ပွားကာ ၂၃ ဦးသေဆုံးပြီး ၇၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သထုံခရိုင်ယာဉ်ထိန်းတပ်ဖွဲ့စုရုံးမှ မှတ်တမ်းများအရ သိရသည်။

**သက်ဦး(သထုံ)**



# ပရိသတ်အကြိုက်ပွဲစဉ်များပါဝင်မည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Great Tiger Group(GTG) က ဒုတိယအကြိမ်မြောက် စီစဉ်ကျင်းပသော 'ရိုးရာကျားတို့အားပြိုင်ပွဲ' မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ဇွန် ၅ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် မြန်မာ့လက်ဝှေ့အကျော်အမော်များက ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး တွဲဆိုင်းများကို စီစဉ်ရာတွင် မာဂုဏ်ရှိသည့်တွဲဆိုင်း၊ အပြိုင်ထိုးမည့်တွဲဆိုင်းစသည်ဖြင့် ရိုးရာလက်ဝှေ့ကျော်များကို တွဲပေးထားသည်ဟု ပွဲစီစဉ်သူများက ဆိုသည်။





ပါဝင်မည့် တွဲဆိုင်းများမှာ ရွှေဖားစည် (ဘားအံ ဘိလပ်မြေစက်ရုံ)နှင့် စွမ်းထက်နိုင်(ဗမာ့သွေး)၊ နက္ခတ်အောင်(တောင်ကလေး)နှင့် စောဖြိုးဝေ အဖြူရောင်သွေးသစ်)၊ ထွန်းလွင်မိုး(နဂါးမာန်)နှင့် စောရာဇာ (မိုးထိငြိမ်းချမ်းရေး)၊ ရွှေရာမာန်(ရွှေဒေါ်ပုံ)နှင့် ဗိုလ်စိုးအောင် (ဗမာ့သွေး)၊ ဒေါင်းသည်းခြေ(အောင်မြန်မာ)နှင့် ကြယ်စင်ထူး(ဘိလပ်မြေစက်ရုံ)၊ရှမ်းကို (T&T)နှင့် စောမင်းအောင် (တောင်ကလေး)၊ သပြေညို (ဘိလပ်မြေစက်ရုံ) နှင့် ဖျံသွေး (ရွှေမိုးထိငြိမ်းချမ်းရေး)၊ စောဂေါ်မူတို (သတ္တိ) နှင့် သွေးသစ်အောင်(နဂါးနီ) တို့ဖြစ်သည်။ တွဲဆိုင်းများကို စနစ်တကျ တွဲဖက်ထားပြီး မဆုံဖူးသေးသော တွဲဆိုင်းများကို အထူးစီစဉ်ထားသည်ဟုလည်း ပွဲစီစဉ်သူက ဆိုသည်။

ပွဲစဉ်တိုင်းသည် ပရိသတ်အကြိုက်တွေ့မည့် ပွဲစဉ်များဖြစ်နိုင်ပြီး အထူးသဖြင့် သပြေညို(ဘိလပ်မြေစက်ရုံ)နှင့် နောင်လုံဖျံ၏သား ဖျံသွေး(ရွှေမိုးထိငြိမ်းချမ်းရေး)တို့ အတွဲနှင့် စောဂေါ်မူတို(သတ္တိ)နှင့် သွေးသစ်အောင် (နဂါးနီ)တို့၏ တွဲဆိုင်းများမှာမူ ပရိသတ် အထူးစိတ်ဝင်စားမည့် တွဲဆိုင်းများ ဖြစ်လာနိုင်သည်။

စောဂေါ်မူတိုသည် ရန်ကုန်တွင် မြန်မာပြည်ချန်ပီယံ ထွန်းထွန်းမင်းနှင့် ထိုးသတ်စဉ်က ရှုံးခဲ့ရသော်လည်း ယခုပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ အကောင်းဆုံးလုပ်ထားသည်ဟု ဆိုသည်။ စောဂေါ်မူတိုသည် ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ မေ ၁ ရက်ကကျင်းပခဲ့သည့် ပြိုင်ပွဲတွင်လည်း ပြိုင်ဘက် ထိုင်းနိုင်ငံသားလက်ဝှေ့ကျော်ကို အနိုင်ရထားခဲ့သည်။

သွေးသစ်အောင်ကလည်း မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် MMA ပြိုင်ပွဲတွင် ဝါရင့်သမ္ဘာရင့်လက်ဝှေ့ကျော် ကြယ်လင်းအောင်ကို MMA စည်းမျဉ်းအရ အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း မြန်မာ့ရိုးရာလက်ဝှေ့စည်းမျဉ်းအရ သရေရလဒ်ကို ဆောင်ကြဉ်းထားနိုင်သူဖြစ်သည်။

GTG သည် ရိုးရာကျားတို့အား ပြိုင်ပွဲ လက်ဝှေ့ပြိုင်ပွဲကို ပထမအကြိမ်က မန္တလေးမြို့တွင် စတင်ကျင်းပခဲ့ပြီး ပွဲစဉ်တိုင်းနီးပါးမှာ ပရိသတ်အကြိုက်တွေ့ခဲ့သော ပွဲစဉ်များဖြစ်ကာ အောင်မြင်မှုများရရှိခဲ့၍ ယခုအခါ ဒုတိယအကြိမ်အဖြစ် ရန်ကုန်မြို့တွင် ထပ်မံစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ လက်ဝှေ့ပြိုင်ပွဲ ရုံဝင်ကြေးများမှာ ကျပ်တစ်သောင်း၊ နှစ်သောင်းနှင့် သုံးသောင်းဖြစ်ပြီး လက်မှတ်များကို ရန်ကုန်မြို့ ၃၅ လမ်း အလယ်ဘလောက် မြေညီထပ်ရှိ ဇော်ပစ်တိုင်းထောင်ဗီဒီယိုထုတ်လုပ်ရေး၌ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**



# ရွှေလရောင် ပရဟိတအသင်း(နေပြည်တော်) ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်သပြေရပ်ရှင်ရုံရှေ့တွင် ဖွင့်လှစ်ထားရှိသော ရွှေလရောင် ပရဟိတအသင်း(နေပြည်တော်)မှ အောင်ဇမ္ဗူရပ်ကွက်အတွင်းရှိ ချို့တဲ့ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းခြင်းကို မေ ၆ ရက် မွန်းလွဲ ၁ နာရီက အောင်ဇမ္ဗူရပ်ကွက်အသင်းရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အသင်း၏ အမှုဆောင် ဦးမင်းမင်းလတ်က ပေးအပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးနေဝင်းအောင်က ကျောင်းသား ကျောင်းသူများအနေဖြင့် လိမ္မာရေးခြားရှိစေရေး၊ စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူ ၉၅ ဦးအတွက် တစ်ဦးလျှင် ဗလာစာအုပ် တစ်ဒါဇင်နှုန်းဖြင့် ၉၅ ဒါဇင်ကို ကျောင်းသား ကျောင်းသူတစ်ဦးချင်းထံသို့ ပေးအပ်ခဲ့သည်။

ရွှေလရောင် ပရဟိတအသင်း (နေပြည်တော်)အနေဖြင့် နွေရာသီကာလတွင် ရေရှားပါးသည့် အရပ်ဒေသများသို့ သွားရောက်၍ သောက်သုံးရေပေးဝေခြင်း၊ အခက်အခဲဖြစ်ပေါ်လျက်ရှိသော ကျောင်းသား ကျောင်းသူများအား ပညာရေးအတွက် လိုအပ်သည်များ ထောက်ပံ့ပေးအပ်လျက်ရှိပြီး အကူအညီလိုအပ်ပါက အသင်းဥက္ကဋ္ဌ ဦးနေဝင်းအောင် ဖုန်း-၀၉-၃၁၆၇၁၂၀၀၊ အမှုဆောင် ဦးမင်းမင်းလတ် ဖုန်း-၀၉-၄၂၀၇၃၇၂၄၇ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် စွမ်းရည်ပြိုင်ပွဲ လှိုင်းဘွဲမြို့နယ်၌ ကျင်းပ

**လှိုင်းဘွဲ မေ ၈**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ကြက်ခြေနီအသင်းခွဲက ကြီးမှူး၍ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ကြက်ခြေနီစွမ်းရည်ပြိုင်ပွဲကို မေ ၆ ရက်က လှိုင်းဘွဲမြို့ အောင်ဆန်းခန်းမ၌ ကျင်းပခဲ့သည်။

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စွမ်းရည်ပြိုင်ပွဲသို့ ဒိုင်းပြကျေးရွာမှ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်သားဖွား ၂၅ ဦး၊ ကျန်းမာရေးလုပ်သား ၁၂ ဦး၊ ရွှေဂွန်းတိုက်နယ်မှ ၁၅ ဦး၊ လှိုင်းဘွဲမြို့နယ်မှ ၁၀ ဦး၊ ရပ်ရွာလူထုကြံ့ခံစွမ်းမြှင့်တင်မှုစီမံချက်မှ အဖွဲ့ဝင် ၁၉ ဦး၊ ပိုင်ကျုံတိုက်နယ်မှ ခုနစ်ဦး စုစုပေါင်း ၉၈ ဦး ပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ စွမ်းရည်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းစီက အပူလောင်ခြင်း၊ သတိလစ်မေ့မြောခြင်းများအတွက် ပြစုပုံများကိုလည်းကောင်း၊ အမျိုးသား အမျိုးသမီး နှစ်ယောက်ပြိုင်ပွဲတွင် မြွေကိုက်ခြင်း၊ ပေါင်ရိုးကျိုးခြင်း၊ ခြေသလုံးကျိုးခြင်းတို့အတွက် ပြုစုပုံများကိုလည်းကောင်း ယှဉ်ပြိုင်ခဲ့ကြပြီး အဖွဲ့လိုက်အနေဖြင့် စစ်ရေးပြခြင်းများကို ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။



အဆိုပါ ကြက်ခြေနီ စွမ်းရည်ပြိုင်ပွဲသို့ လှိုင်းဘွဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်၊ လှိုင်းဘွဲမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စလင်း၌ ယာဉ်စည်းကမ်းလိုက်နာရေး ပညာပေး

**စလင်း မေ ၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ပညာပေးမှုများကို မြို့နယ်ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ စုပေါင်း၍ အဝေးပြေးကားလမ်းများ ပေါင်းဆုံသော လေးတိုင်စင်တွင် မေ ၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ စစ်ဆေးရာတွင် ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးထက်ပို၍ စီးနင်းခြင်း၊ နောက်ကြည့်မှန်၊ နံပါတ်ပြား မပါခြင်း၊ ဆိုင်ကယ် လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်မပါရှိခြင်းများကို အများဆုံးတွေ့ရှိရကြောင်း၊ အဆိုပါ စည်းကမ်းမလိုက်နာမှုများအတွက် ပညာပေးမှုများ ဆောင်ရွက်ခဲ့ပြီး ပညာပေးကာလ ကုန်ဆုံးပါက လိုက်နာမှုမရှိသူများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


**စစ်ကြည်(စလင်း)**




## လီဗာပူးမှာ ဆက်ရှိမယ့် စတာရစ်

လာမယ့်ရာသီမှာ တိုက်စစ်မှူး စတာရစ်အနေနဲ့ လီဗာပူးမှာပဲ ဆက်လက်ရှိမယ်လို့ ဆိုပါတယ်။ ကျွန်တော် ဒီမှာကစားရတာပျော်ပါတယ်။ ဆက်ပြီးတော့ ကစားမှာဖြစ်ပါတယ်လို့ စတာရစ်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ အင်္ဂလန်တိုက်စစ်မှူး စတာရစ်ဟာ ဗီလာရီးရဲကို သုံးဂိုးပြတ်နဲ့အနိုင်ရတဲ့ ယူရိုပါလိဂ်ပွဲမှာလည်း ခြေစွမ်းပြဂိုးတွေ သွင်းယူပေးခဲ့သူဖြစ်ပါတယ်။ သို့ပေမယ့် စတာရစ်ဟာ လာမယ့် ရာသီမှာ လီဗာပူးက နေထွက်ခွာသွားနိုင်တယ်လို့ ထင်ကြေးပြောဆိုနေကြတာပါ။ အသက် ၂၆ နှစ်အရွယ်သာရှိသေးတဲ့ စတာရစ်ဟာ ဖေဖော်ဝါရီလအတွင်းက ဒဏ်ရာကြောင့် ကောင်းကောင်းကစားနိုင်စွမ်းမရှိတဲ့အနေအထားကနေ ပြီးခဲ့တဲ့ အပတ်ကတော့ ဗီလာရီးရဲနဲ့ပွဲမှာ အကောင်းဆုံးကစားခဲ့တာပါ။ လာမယ့်သီတင်းပတ်တွေအတွင်းမှာ အနားမယူဘဲ လေ့ကျင့်မှုတွေပြုလုပ်သွားမယ်လို့ သူက ဆိုပါတယ်။ ယူရိုပါလိဂ်မှာ လီဗာပူးအတွက် အကောင်းဆုံးကစားပေးနိုင်ဖို့ ပြင်ဆင်လေ့ကျင့်မှုတွေပြုလုပ်သွားမယ်လို့ သူက ထပ်လောင်းပြောဆိုလိုက်ပါတယ်။

## ယူရိုပါလိဂ်ဖလားကို အရယူမယ်ဆိုတဲ့ လီဗာပူးနည်းပြ ဂျာဂျင်ကလော့



လီဗာပူးအသင်းဟာ ဗီလာရီးရဲကို သုံးဂိုးပြတ်နဲ့အနိုင်ရပြီး ဗိုလ်လုပွဲကို တက်လာနိုင်ခဲ့ပါတယ်။ လီဗာပူးနဲ့ စပိန်ကလပ် ဆီဗီလာအသင်းတို့ဟာ မေ ၁၈ ရက်မှာ ဘေဆယ်မြို့မှာ ဗိုလ်လုပွဲကစားရမှာဖြစ်ပါတယ်။ လီဗာပူးနည်းပြ ဂျာဂျင်ကလော့က ဒီပွဲမှာ ဖလားရယူသွားဖို့ အခိုင်အမာ ဆုံးဖြတ်ထားပြီလို့ ပြောဆိုလိုက်ပါတယ်။ ဆီဗီလာနဲ့ လီဗာပူးတို့ရဲ့ ဒီပွဲဟာ တကယ့်ပွဲကြီးပွဲကောင်းတစ်ရပ်ပါပဲ။ နည်းပြ ဂျာဂျင်ကလော့က ဒီဖလားကို မဖြစ်မနေရယူဖို့ ကြိုးစားသွားဖွယ်ရှိနေပါတယ်။ သို့ပေမယ့်လည်း ဆီဗီလာဟာ ယူရိုပါလိဂ်ဖလား အစဉ်အလာရှိတဲ့အသင်းတစ်သင်းဖြစ်ပါတယ်။ လီဗာပူးပရိသတ်တွေဟာ ဒီပွဲမှာ လက်မှတ် ၁၀၀၀၀ လောက်ပဲရမယ်လို့ ဆိုပါတယ်။ ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်မြို့ စိန့်ဂျက်ကော့ပတ်မှာ ကျင်းပမယ့် ဒီဗိုလ်လုပွဲကြီးမှာ ပရိသတ်အင်အား ၃၈၅၁၂ ဦး ဝင်ဆံ့ပါတယ်။ သို့ပေမယ့် အမှန်တကယ် ဒီကွင်းထဲမှာ ပရိသတ် ၃၅၀၀၀ လောက်ပဲ ဝင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# မန်ယူ၊ လီဗာပူးတို့ အမှတ်ပြည့်ရယူနိုင်ပါ့မလား




**ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေဟာ လက်ကျန်ပွဲစဉ်တွေမှာ ဥရောပဝင်ခွင့်အတွက် အမြင့်ဆုံးရည်မှန်းချက်ထားပြီး ကြိုးစားနေတာမို့ မေ ၁၀ ရက်နဲ့ ၁၁ ရက်တွေမှာ ကစားမယ့် ဝက်စ်ဟမ်းနဲ့ မန်ယူ၊ လီဗာပူးနဲ့ ချယ်လ်ဆီးတို့ရဲ့ပွဲတွေက စိတ်လှုပ်ရှားစရာကောင်းမယ့်ပွဲတွေပါပဲ။တန်းမဆင်းရရေးအတွက် ရုန်းကန်ရမယ့် အသင်းတွေကလည်း အိတ်သွန်ဖာမှောက်ကြိုးစားကြမှာဖြစ်လို့ လက်မလွတ်စတမ်း အားပေးရမယ့်ပွဲတွေအဖြစ် မြင်တွေ့ရပါဦးမယ်။**

### ဝက်စ်ဟမ်းနှင့် မန်ယူ

နှစ်သင်းစလုံး ဥရောပဝင်ခွင့်အတွက် ရေကုန်ရေခန်းကြိုးစားကြမယ့် ပွဲပါပဲ။ ဝက်စ်ဟမ်းကလည်း ခြေစွမ်းပြန်လည်ကောင်းမွန်နေသလို မန်ယူတို့ကလည်း ရလဒ်ကောင်းတွေကို ပြန်လည်ရရှိနေပါတယ်။ ဝက်စ်ဟမ်းနဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှု ရလဒ်တွေကိုကြည့်ရင်တော့ မန်ယူက တစ်ပွဲနိုင်ပြီး နှစ်ပွဲသရေဖြစ်ထားပါတယ်။ မန်ယူရဲ့နောက်ဆုံးကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် လက်စတာကို တစ်ဂိုးစီသရေ၊ အဲဗာတန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ပဲလေ့စ်ကိုတော့ နှစ်ဂိုးပြတ်နဲ့နိုင်ခဲ့တာမို့ မန်ယူရဲ့လက်ရှိခြေစွမ်းက ဝက်စ်ဟမ်းကို အသာစီးရနိုင်တဲ့ အနေအထားရှိပါတယ်။ ဝက်စ်ဟမ်းရဲ့ကွင်းမှာ မန်ယူတို့ နိုင်ပွဲရတဲ့အစဉ်အလာရှိတာမို့ အခုပွဲမှာ အဝေးကွင်းဆိုပေမယ့် မန်ယူတို့ကပ်ပြီး အနိုင်ရသွားနိုင်ပါတယ်။

### လီဗာပူးနှင့် ချယ်လ်ဆီး

ချယ်လ်ဆီးအတွက် အမှတ်မလိုအပ်ပေမယ့် လီဗာပူးအတွက်တော့ သေရေးရှင်ရေးတမျှ အရေးကြီးပါတယ်။ ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှင်သန်နိုင်ရေး ဒီပွဲမှာ အနိုင်ကစားမှ လီဗာပူးတို့ စိုးရိမ်မှုလျော့ပါးမယ့် အနေအထားဖြစ်မှာပါ။ ချယ်လ်ဆီးနဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ လီဗာပူးတို့ တစ်ပွဲမှ မရှုံးခဲ့ပါဘူး။ လီဗာပူးရဲ့လတ်တလောခြေစွမ်းကလည်း တိုးတက်လာတာမို့ အခုပွဲမှာ အိမ်ရှင်တို့ပဲ မျှော်လင့်ချက်ပြည့်ဝနိုင်မယ့် အနေအထားပါပဲ။

### နော့ဝှစ်ချ်နှင့် ဝက်ဖို့ဒ်

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင်တော့ နော့ဝှစ်ချ်တို့က နှစ်ပွဲနိုင်ပြီး ဝက်ဖို့ဒ်က တစ်ပွဲနိုင်ထားပါတယ်။ ဝက်ဖို့ဒ်ရဲ့လက်ရှိအနေအထားက အမှတ်လိုအပ်ချက်မရှိတာမို့ ဒီပွဲမှာ ပုံမှန်ခြေစွမ်းအတိုင်းပဲ ကစားဖို့ရှိနေပေမယ့် နော့ဝှစ်ချ်တို့ကတော့ တန်းမဆင်းရရေးအတွက် အကြိတ်အနယ်ရုန်းကန်မယ့် အခြေအနေရှိပြီး နိုင်ပွဲရပါမှ မျှော်လင့်ချက်ထားနိုင်မှာမို့ ကစားသမားတိုင်း စိတ်ဓာတ်ပြင်းပြင်းနဲ့ အားထုတ်ပါလိမ့်မယ်။ နော့ဝှစ်ချ်ရဲ့ အားသာချက်က အိမ်ကွင်းမှာ တစ်သင်းလုံး ကစားအားမချစတမ်းပွဲချိန်ပြည့် ကြိုးစားနိုင်ပြီး ပြိုင်ဘက်အသင်းအခက်တွေ့အောင် စွမ်းဆောင်နိုင်ကြသူဖြစ်ပါတယ်။ လက်ကျန်ပွဲစဉ်တွေအားလုံး အနိုင်ကစားပါမှ တန်းမဆင်းရမှာဖြစ်တဲ့ နော့ဝှစ်ချ်ရဲ့ ကြိုးစားအားထုတ်မှုအပေါ် ဒီပွဲမှာ အသိအမှတ်ပြုပေးရမှာပါ။

### ဆန်းဒါးလန်းနှင့် အဲဗာတန်

ဆန်းဒါးလန်းတို့လည်း တန်းမဆင်းရရေးအတွက် ဒီပွဲကို မဖြစ်မနေအနိုင်ကစားပြီး သုံးမှတ်အပြည့်ရယူမယ့် ပွဲပါပဲ။ အဲဗာတန်တို့ကတော့ ဒီနှစ် ဘောလုံးရာသီမှာ အမှတ်လိုအပ်ချက်မရှိတော့တာမို့ ဂုဏ်သိက္ခာအရပဲ ဒီပွဲကို အားထည့်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဆန်းဒါးလန်းတို့ကတော့ အဲဗာတန်နဲ့ဆုံတိုင်း အသာစီးရမှုနည်းတာမို့ အခုပွဲအိမ်ကွင်းမှာတော့ ကျားကုတ်ကျားခဲ အားထည့်ကစားတော့မှာ ဖြစ်ပါတယ်။ ဆန်းဒါးလန်းနဲ့ အဲဗာတန်တို့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားတာမို့ ဒီပွဲမှာတော့ အိမ်ကွင်းအားသာချက်ကို ဆန်းဒါးလန်းတို့ အပြည့်အဝအသုံးချပါလိမ့်မယ်။ အဲဗာတန်တို့က လောလောဆယ်မှာ မန်ယူနဲ့ လီဗာပူးတို့ကို ရှုံးပွဲတွေကြုံထားတာမို့ ဒီပွဲမှာ နိုင်ပွဲအဖြစ် ပြန်လည်ရှာဖွေပါလိမ့်မယ်။ ဒါပေမယ့် ပရီမီယာလိဂ်မှာ ဆက်လက်ရပ်တည်ရေးအတွက် တိုက်ပွဲဝင်နေတဲ့ ဆန်းဒါးလန်းတို့ဘက်ကပဲ ယုံကြည်မှုထားပေးရမှာဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

## ချယ်လ်ဆီးဂိုးသမားကို ရီးရဲပစ်မှတ်ထား

ချယ်လ်ဆီးဂိုးသမား တီဘောက်ကော်တွိုက်စ်ကို ရီးရဲမက်ဒရစ်က ခေါ်ယူဖို့စဉ်းစားနေပြီလို့ ဆိုပါတယ်။ ချယ်လ်ဆီးကတော့ ဘယ်လ်ဂျီယံနိုင်ငံသား ဂိုးသမား ကော်တွိုက်ကို ရောင်းထုတ်ဖို့ ပေါင် ၆၅ သန်းအထိ တောင်းဆိုထားပါတယ်။ ကော်တွိုက်ဟာ လာမယ့် ရာသီမှာ စတမ်းဖို့ဒ်ဘရစ်ကနေထွက်ခွာဖို့ စဉ်းစားနေပါတယ်။ သူ့အနေနဲ့ ချယ်လ်ဆီးကထွက်လိုတဲ့ အဓိကအကြောင်းအရင်းတစ်ရပ်က ချန်ပီယံလိဂ်ကစားခွင့်ရယူလိုတဲ့အတွက် ဖြစ်တယ်လို့ ဆိုပါတယ်။

လာမယ့်ရာသီမှာတော့ ချယ်လ်ဆီးအသင်းဟာ ချန်ပီယံလိဂ်ကစားခွင့်ရှိမှာ မဟုတ်ပါဘူး။ အက်သလက်တီကိုမှာ သုံးနှစ်ကြာကစားခဲ့တဲ့ ကော်တွိုက်ဟာ ချယ်လ်ဆီးကထွက်ခွာဖွယ်ရှိနေပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိတဲ့ ကော်တွိုက်ရဲ့အဓိကဦးစားပေးကတော့ ချယ်လ်ဆီးကထွက်ခွာဖို့ဖြစ်ပါတယ်။ လာမယ့်ရာသီမှာ ချယ်လ်ဆီးနည်းပြဖြစ်လာမယ့် ကွန်တီးကတော့ ဂိုးသမားသစ်ခေါ်ယူသွားဖွယ်ရှိနေပါတယ်။



# ပုသိမ်မြို့ သန့်ရှင်းသာယာလှပရေး စုပေါင်းအမှိုက်ကောက်



**ပုသိမ် မေ ၈**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မြို့တွင်းလမ်းများ သာယာလှပရေး၊ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ရေး၊ မြို့တွင်းရေမြောင်းများ ပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် မေ ၇ ရက်က ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ အမှိုက်ကောက်ခဲ့ကြောင်း သိရသည်။

ပုသိမ်မြို့ မေတ္တာဦးတံတားနှင့် ရေပေါ်ဈေးကြား၊ မြတ်လေးလမ်းထိပ်နှင့် ကမ်းပြိုထိပ်၊ ဘိုဘဒွေးလမ်းတစ်လျှောက်၊ အောင်သပြေလမ်းတစ်လျှောက်နှင့် မဟာစေတီလမ်းတစ်လျှောက် နေရာများတွင် အမှိုက်များကို စုပေါင်းကောက်ယူခဲ့ပြီး နံ့သာကုန်းအမှိုက်စွန့်ပစ်သည့်နေရာသို့ ကားလေးစီး၊ သုံးဘီးထော်လာဂျီတစ်စီးတို့ဖြင့် သွားရောက်စွန့်ပစ်ခဲ့ကြောင်း သိရသည်။ စုပေါင်းအမှိုက်ကောက်ရာတွင် လွှတ်တော်ဒုဥက္ကဋ္ဌ ဦးစံမင်းအောင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်နှင့် စည်ပင်သာယာရေးအဖွဲ့များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ ၊ ပြည်သူများ ပူးပေါင်းပါဝင်ခဲ့သည်။
**မောင်မောင်မြင့်(မြန်/ဆက်)**

# လူမှုရေးအဖွဲ့နှင့် အလှူရှင်များပူးပေါင်း၍ နေ့စဉ် ရေလှူဒါန်းလျက်ရှိ

**သုဝဏ္ဏဝတီ မေ ၈**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ စေတနာလူမှုကူညီရေးအဖွဲ့ (သုဝဏ္ဏ ဝတီ) နှင့် လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များ စုပေါင်း၍ နှစ်စဉ်နွေရာသီကာလအတွင်း ရေရှားပါးမှုကြောင့် သောက်သုံးရေ အခက်အခဲဖြစ်နေသော မြို့ပေါ်ရပ်ကွက်များ ရေလိုအပ်သော အနီးပတ်ဝန်းကျင်ကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် လှည့်လည်၍ ရေပေးဝေလျက်ရှိရာ ယခုနှစ်တွင် သင်္ကြန်ပြီးသည့်နောက်ပိုင်းမှစ၍ ယနေ့အထိ သောက်သုံးရေများ လိုက်လံဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဧပြီ ၁၇ ရက်မှစတင်၍ နေ့စဉ်နေ့တိုင်း စေတနာလူမှုကူညီရေးအဖွဲ့ (သုဝဏ္ဏဝတီ)နှင့် လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များ စုပေါင်း၍ ရေသယ်ယာဉ်များဖြင့် ရေလှူဒါန်းပေးနေကြောင်း၊ စေတနာရှင်အဖွဲ့အစည်းများမှ ရေသယ်ယာဉ်များနှင့်အတူ နယ်မြေခံတပ်ရင်းမှ ရေသယ်ယာဉ်တစ်စီးဖြင့် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ကျောင်းကြီး (ပရိယတ္တိစာသင်တိုက်)၏ စက်ရေတွင်းမှ ရေများကို သယ်ယူကာ ရေလိုအပ်သော အနီးပတ်ဝန်းကျင်နေရာဒေသများသို့ လိုက်လံလှူဒါန်းနေခြင်းဖြစ်ကြောင်း၊ ရေလိုက်လံလှူဒါန်းရာတွင် ရေလုံလောက်စွာရရှိသည့် အချိန်ရောက်သည့်တိုင် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိမ်ဆိပ်ရပ်ကွက်မှ ဦးဆောင်သူတစ်ဦးဖြစ်သူ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ထိုက်က ပြောသည်။ စေတနာ လူမှုကူညီရေးအဖွဲ့ (သုဝဏ္ဏဝတီ)နှင့် အခြားအဖွဲ့များ၊ အလှူရှင်များ ပူးပေါင်း၍ ရေလှူဒါန်းပေးနေမှုကြောင့် ဒေသအတွင်းမှ ရေအခက်အခဲဖြစ်နေသော ပြည်သူများအတွက် များစွာအဆင်ပြေလျက်ရှိနေကြောင်း သိရသည်။
**ခွန်(ဝင်းပ)**




# ကျေးရွာစာကြည့်တိုက်သစ် ဖွင့်လှစ်

**ဝမ်းတွင်း မေ ၈**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဖလန်ကျင်းကျေးရွာအုပ်စု ဖလန်ကျင်းကျေးရွာ၌ စိန်ရောင်ခြည်စာကြည့်တိုက်သစ် ဖွင့်ပွဲကို မေ ၆ က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဝင်းတင့်၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးညွန့်ဝေနှင့် ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များက စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက စာကြည့်တိုက်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်အတွက် ရေဒီယို တစ်လုံး၊ သုတရသ စာအုပ် ၅၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

စိန်ရောင်ခြည်စာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ပေ ၂၀၊ အမြင့် ၉ ပေရှိ သွပ်မိုးအုတ်ခင်းအုတ်ကာအဆောက်အအုံဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်မတည်ငွေ ကျပ်သိန်း ၂၀ နှင့် ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၁၀ သိန်း ကျော်ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။
**ဌေးလှိုင်(ဝမ်းတွင်း)**



# ချောင်းဦးမြို့နယ်ရဲတပ်ဖွဲ့မှ ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**ချောင်းဦး မေ ၈**
နွေရာသီ အပူချိန်မြင့်တက်လာမှုနှင့်အတူ ကျေးလက်ဒေသများတွင် သောက်သုံးရေလိုအပ်လျက်ရှိရာ ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအုပ်စုမှ ရေလိုအပ်နေသော မိုင်တဲကျေးရွာနှင့် ကံမကျေးရွာများသို့ ချောင်းဦးမြို့နယ်ရဲတပ်ဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ သောက်သုံးရေများကို မေ ၆ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမျိုးညွန့်သန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးတင်အောင်မိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်၍ အိမ်တိုင်ရာရောက် ရေလှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး ကျေးရွာနှစ်ရွာသို့ ရေလှူဒါန်းရာတွင် ၂၀ လီတာရေသန့်ဘူးကြီး ၅၀ နှင့် မီးသတ်ကားလေးစီးတို့ဖြင့် သောက်သုံးရေဂါလန် ၄၀၀၀ ကို လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။
**(မြို့နယ် မြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲကျင်းပ

**တနင်္သာရီ မေ ၈**
တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ၁၉ ကြိမ်မြောက် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာ ပြိုင်ပွဲကို မေ ၇ ရက်က ကျင်းပခဲ့သည်။

တနင်္သာရီမြို့ အထက ကျောင်းဆောင်သစ်၌ ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲသို့ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ပြိုင်ပွဲတွင် သတ်မှတ်ခေါင်းစဉ် ငါးခုအနက် ကြိုက်နှစ်သက်ရာကိုဝင်ရောက်ယှဉ်ပြိုင်နိုင်ကြပြီး ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုများကို ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစောမောင်နှင့် လက်ထောက် မြို့နယ်ပညာရေးမှူး ဦးအေးစိုးတို့က အားပေးကြည့်ရှုခဲ့ကြသည်။ **နန်းသာရီ-ထိန်ဝင်း(မြန်/ဆက်)**



# စက်ရေတွင်း တူးဖော်ပြီး၍ ရေရှားပါးသော ကျေးရွာ၌ သောက်သုံးရေအဆင်ပြေ

**ဆင်ပေါင်ဝဲ မေ ၈**
မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် တလင်းကုန်းလမ်းပေါက်ကျေးရွာ၌ အလှူရှင်တစ်ဦး၏ လှူဒါန်းမှုဖြင့် စက်ရေတွင်းတူးဖော်ပြီးစီး၍ သောက်သုံးရေလုံလောက်စွာရရှိလာပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ တလင်းကုန်းလမ်းပေါက်ကျေးရွာသည် ယခင်က နွေရာသီတွင် သောက်သုံးရေရှားပါးသော ကျေးရွာဖြစ်ပြီး နှစ်မိုင်ခွဲခန့်ကွာဝေးသော သာယာကုန်းကျေးရွာမှရေကို သွားရောက်သယ်ယူ၍ အသုံးပြုရကြောင်း၊ ယခုနှစ်နွေရာသီကာလအတွင်း အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေရှားပါးမှု ပိုမိုကြုံတွေ့နေရသဖြင့် စက်ရေတွင်းတစ်တွင်းကို ရန်ကုန်မြို့နေ ဦးမောင်အေး မိသားစု၏ မတည်လှူဒါန်းမှုဖြင့် နယ်စည်းမခြားပရဟိတလူငယ်များ မိသားစု၏ ပူးပေါင်းလုပ်အားဖြင့် ဧပြီလအတွင်းက စတင်တူးဖော်ခဲ့ကာ ဧပြီလကုန်ပိုင်းတွင် ရေထွက်ခဲ့ပြီး ယခုအခါ ရေလုံလောက်စွာရရှိနေပြီဖြစ်သဖြင့် ဒေသခံများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။
**မိုးကိုကို(အောင်လံ)**

## နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**မြောင်းမြ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ရန်မနိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ဂျပန်နိုင်ငံ Nippon Foundation မှ လှူဒါန်းသော နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မေ ၅ ရက်က အဆိုပါ ကျောင်းဆောင်သစ် မုခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး(စီမံ)ဦးမန်းသိန်းကျော်၊ အလှူရှင် ဂျပန်နိုင်ငံ Nippon Foundation နှင့် ARTIC Project Director Mr. Nobuyuki Hirano(ဦးစေတနာ)နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ရန်မနိုင်ကျေးရွာ အထကခွဲကျောင်းကို ၂၀၁၄ ခုနှစ်တွင် အလကမှ အထက(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် သူငယ်တန်းမှ အထက်တန်းအဆင့်(တက္ကသိုလ်ဝင်တန်း)အထိ ကျောင်းသား ကျောင်းသူပေါင်း ၄၀၀ ကျော် ပညာသင်ကြားလျက်ရှိကြောင်း၊ ကျောင်းသားအရေအတွက်နှင့် ကျောင်းဆောင်မျှတမှုမရှိ၍ ကျောင်းဆောင်လိုအပ်နေရာမှ ယခုကဲ့သို့ ကျောင်းဆောင်သစ်ရရှိလာသည့်အတွက် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှုအဆင်ပြေစေမည်ဖြစ်ကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ ၁၀၀၊ အနံပေ ၃၀ ရှိ အာရ်စီနှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး ဂျပန်နိုင်ငံ Nippon Foundation နှင့် ကျေးရွာပြည်သူများပူးပေါင်းမှုဖြင့် ကုန်ကျစရိတ် ကျပ် ၁၀၈၀ သိန်းခန့်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Nippon Foundation သည် မြောင်းမြမြို့နယ်တွင် စာသင်ကျောင်း လေးကျောင်း ဆောက်လုပ်လှူဒါန်းထားပြီး အခြားမြို့နယ်များတွင်လည်း လှူဒါန်းလျက်ရှိရာ ယခုဖွင့်လှစ်သော စာသင်ကျောင်းမှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဂျပန်နိုင်ငံ Nippon Foundation မှ ဆောက်လုပ်လှူဒါန်းသော စာသင်ကျောင်းများအနက် ၃၇ ကျောင်းမြောက်ဖြစ်ကြောင်းလည်း သိရသည်။

**အောင်မင်း(မြို့နယ် ပြန်/ဆက်)**



# ထိုင်းနိုင်ငံမှ ထိပ်တန်းစီးပွားရေးကုမ္ပဏီကြီးများနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်ကြီးများ ဆွေးနွေးနိုင်မည်

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုမြှင့်တင်ရေး အစီအစဉ်အပိုင်းတစ်ရပ်အဖြစ် ထိုင်းနိုင်ငံမှ ထိပ်တန်းစီးပွားရေးကုမ္ပဏီကြီး ၂၀ ခန့်သည် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ရန်ကုန်နဲ့ မန္တလေးမြို့များတွင် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်၍ ကုန်သွယ်မှုမြှင့်တင်သွားမည်ဖြစ်ကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာန စီးပွားရေးသံမှူး မစ္စတာပါကိုင်နေးလန်အီးအီးက ပြောသည်။

"မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာတာနဲ့အမျှ ဒီကဏ္ဍကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရန်ကုန်နဲ့ မန္တလေးမြို့ကြီးနှစ်မြို့မှာ ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေအနေနဲ့ မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးရှိမယ့် စီးပွားရေးအခွင့်အလမ်းတွေ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီတွေ့ဆုံပွဲကို HORECA Bizmatch Fair လို့ အမည်ပေးထားပါတယ်" ဟု မစ္စတာကိုင်နေးက မေ ၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

အဆိုပါ တွေ့ဆုံပွဲကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ မေ ၁၁ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ မေ ၁၂ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။




"ကျွန်မတို့ ဒီတွေ့ဆုံပွဲမှာ ထိုင်းနိုင်ငံမှာရှိတဲ့ ဟိုတယ်လုပ်ငန်း၊ အစားအစာနှင့် အဖျော်ယမကာလုပ်ငန်းစသည်တို့နဲ့ ဆက်စပ်နေတဲ့ အသုံးအဆောင်ပစ္စည်းများနဲ့ ထုတ်လုပ်ဖြန့်ချိနေသူများ၊ အဆောက်အအုံဒီဇိုင်းနဲ့ လုပ်ငန်းထိန်းချုပ်မှုစနစ် ပရိဂရမ်ရေးဆွဲသူတွေ၊ အွန်လိုင်းဈေးကွက်ရှာဖွေနေတဲ့ ပံ့ပိုးဝန်ဆောင်မှုပေးနေသူတွေ စတဲ့ ထိပ်တန်းထိုင်းကုမ္ပဏီ ၂၀ ခန့် လာရောက်ဆွေးနွေးမှာဖြစ်ပါတယ်။ ဒီတွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်ဆွေးနွေးလိုတဲ့ မြန်မာစီးပွားရေးလုပ်ငန်းရှင်ကြီးတွေအနေနဲ့ ကျွန်မတို့ ဖုန်းနံပါတ်တွေဖြစ်တဲ့ ၀၁-၃၉၂၅၇၉၊ ၀၉-၃၁၆၄၃၂၀၉ နှင့် ၀၉-၂၆၀၁၆၅၅၈၄ တို့ကို ဆက်သွယ်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟု TTF ရန်ကုန်ရုံးမှ အထွေထွေမန်နေဂျာ ဒေါ်စန္ဒာဝင်းက ရှင်းပြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲအစီအစဉ်ကို ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် ထိုင်းဟိုတယ်နှင့် ခရီးသွားလာရေး စီမံခန့်ခွဲမှုအသင်းတို့၏ ပံ့ပိုးကူညီမှုများဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

HORECA Bizmatch Fair အစီအစဉ်ကို မြန်မာနိုင်ငံ၌ တတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး ၂၀၁၄၊ ၂၀၁၅ ဆက်တိုက် ကျင်းပခဲ့ကာ ယခုနှစ်တွင် တတိယအကြိမ်ပြုလုပ်ခြင်းဖြစ်သည်။ ယင်းနှစ်ဖက် စီးပွားရေးလုပ်ငန်းရှင်ကြီးများတွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ တက်ရောက်ဆွေးနွေးမှု တစ်နှစ်ထက် တစ်နှစ်တိုးတက်လာလျက်ရှိရာ ယခုနှစ်တွင် မြန်မာစီးပွားရေးလုပ်ငန်းရှင် ၁၀၀၀ ခန့်နှင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ ချိတ်ဆက်ဆွေးနွေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**


# အထူးကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ်လီမိတက်၊ "ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"မှ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးကို အစဉ်ရှေးရှုလျက် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရေးအတွက် ငွေကျပ်သိန်းပေါင်း (၁၆၀၀၀)ကို သဒ္ဒါတရားထက်သန်စွာ လှူဒါန်းခဲ့မှုအတွက် အထူးကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း လေးနက်စွာ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

"ကမ္ဘောဇဘဏ်လီမိတက်"နှင့် "ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း"တို့မှ ဥက္ကဋ္ဌ၊ မိသားစုများနှင့်တကွ အရာထမ်း၊ ဝန်ထမ်းများအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြလျက် ဗုဒ္ဓသာသနာတော်အကျိုး ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပြီး တိုးတက်အောင်မြင်ကြပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။

**အထောက်အကူပြုအကျိုးတော်ဆောင်အဖွဲ့**
**ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်**


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
ဆွေသဟာ
ကြိုက်တဲ့အချိန်ပြောပါ
နာရီတိုင်းမှာ
၅ မိနစ်စာ
အားလုံးကနှစ်သက်ကြလို့ ပုံစံသစ်နဲ့ ထပ်လာပါပြီ
၁၅၀၀ ကျပ်ဖြင့် နာရီတိုင်းမှာ ၅ မိနစ်စာကို ရယူဖို့
*555#
ဆွေသဟာရဲ့၅၅ မိနစ် အခမဲ့ပြော အစီအစဉ်သည် မိနစ် ၆၀ အတွင်း ဆက်တိုက် ဖုန်းခေါ်ဆိုမှု အားလုံးအတွက်ဖြစ်ပြီး အောက်ပါအတိုင်းသတ်မှတ်ထားပါသည်။
နာရီတိုင်းမှာ ငါးမိနစ်စာ ဝန်ဆောင်မှု ရယူခြင်းအတွက် ၁၅၀၀ ကျပ် ကျသင့်မည်ဖြစ်ပြီး တစ်ကြိမ်ရယူတိုင်း ရက် ၃၀ အသုံးပြုခွင့်ရရှိပါမည်။
ဤအစီအစဉ်ကို ပရိုမိုးရှင်းကာလအတွင်း အကန့်အသတ်မရှိ ရယူသုံးစွဲနိုင်ပါသည်။
မည်သည့်အချိန်တွင်မဆို နာရီတိုင်းမှာ ငါးမိနစ်စာ အစီအစဉ်ကို အသုံးပြုနိုင်ပါသည်။
ဖုန်းတစ်ခါခေါ်တိုင်း တစ်နာရီအတွင်းဆက်တိုက်ပြောဆိုမှုများအတွက် ပထမ (၅) မိနစ်စာအတွက်သာ ကျသင့်မည်ဖြစ်ပြီး နောက်ထပ်(၅၅) မိနစ်အထိ အခမဲ့ပြောဆိုနိုင်ပါသည်။
ဆက်တိုက်ခေါ်ဆိုမှု မိနစ် ၆၀ ထက် ကျော်လွန်သွားပါက ပုံမှန်နှုန်း ၁မိနစ် ၂၃ ကျပ် ကျသင့်မည်ဖြစ်ပါသည်။
ဤအစီအစဉ်သည် MPT ဖုန်းအချင်းချင်းခေါ်ဆိုရန် အတွက်သာဖြစ်ပါသည်။
ဆွေသဟာကို အခမဲ့စာရင်း ပေးသွင်းဖို့ "SWE" ဟု 1332 သို့ SMS ပေးပို့လိုက်ပါ။
ဤအစီအစဉ်ကို ၂၀၁၆ ခုနှစ် မေလ (၉) ရက်နေ့ မှ ထပ်မံမကြေညာခင် အချိန်ထိ အသုံးပြုနိုင်ပါသည်။
* ၂၀၁၆ ဧပြီလ ၁ ရက်နေ့မှစ၍လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
## ရုံးသုံးနှင့် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါရုံးသုံးနှင့် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | Generator 500 KVA | - | 2 Nos |
| (ခ) | Air Conditioner (1.5 HP) Split Type | - | 20 Nos |
| (ဂ) | Air Conditioner (2.0 HP) Split Type | - | 10 Nos |
| (ဃ) | Duct Line Air Conditioner (40 HP) | - | 4 Nos |
| (င) | Mail Box Car | - | 3 Nos |
| (စ) | Digital Camera D-7200 (with Lens) | - | 5 Nos |
| (ဆ) | Computer Core i7 | - | 20 Nos |
| (ဇ) | Printer A3 with Scanner | - | 10 Nos |
| (ဈ) | Recorder | - | 25 Nos |
| (ည) | Portable Printer | - | 10 Nos |
| (ဋ) | Card Printer XID 8100 | - | 2 Nos |
| (ဌ) | **ရုံးသုံးပရိဘောဂမျိုးစုံ** | - | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၄-၅-၂၀၁၆ရက်မှ ၃-၆-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

